# ကြေးမုံ
The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 2 November 2022 ၁၀၉၀၇


### ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဠိတော်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၈/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

# ဓာတ်မြေဩဇာများနှင့် စက်သုံးဆီများ လုံလောက်စွာရရှိရေး အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိ

## အခြေခံလူသားအရင်းအမြစ်များရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို အခြေခံပညာကျောင်းများတွင် တိုးချဲ့သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၈/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


ယနေ့ ဖတ်စရာ

အကြမ်းဖက်မှုဖြင့် နိုင်ငံရေး အဖြေမရနိုင်
ဆောင်းပါး စာမျက်နှာ » ၆

ဓာတ်ခွဲနမူနာစုစုပေါင်း ၉၇၅၇ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁ ဦးတွေ့ရှိ
စာမျက်နှာ » ၁၂



ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတကာခရီးသည် ဝင်ရောက်မှုမြင့်တက်လာ
စာမျက်နှာ » ၁၃

အခန်းဆက် ဝတ္ထုရှည်
စာမျက်နှာ » ၁၇




ကြေးမုံ

# ပြည်တွင်းရေးစွက်ဖက်မှုကို လက်မခံကန့်ကွက်

မျက်မှောက်ကာလတွင် ပထဝီနိုင်ငံရေးကို အကြောင်းပြုသည့် နိုင်ငံများနှင့် ပတ်သက်၍ အင်အားကြီးနိုင်ငံအချို့က စွက်ဖက်လွှမ်းမိုးခြယ်လှယ်မှုများ ပြုလုပ်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ပထဝီနိုင်ငံရေးအရ အရေးပါသောနေရာတွင်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် ဖိအားပေးစွက်ဖက်မှုများကို အစဉ်တစိုက်ကြုံတွေ့နေရပေသည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေးကိုအကြောင်းပြု၍ အင်အားကြီးနိုင်ငံနှင့် မကင်းရာမကင်းကြောင်းဖြစ်သည့် အဖွဲ့အစည်းများနှင့် နိုင်ငံများ၏ စွက်ဖက်ဖိအားပေးမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

လက်ရှိတွင် အာဆီယံနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအချို့က မြန်မာ့နိုင်ငံရေးတွင် တစ်ဖက်သတ်စွက်ဖက် ဖိအားပေးမှုများရှိနေသည်။ အောက်တိုဘာလ ၂၇ ရက်နေ့ကပြုလုပ်သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အထူးအစည်းအဝေးသို့ မြန်မာနိုင်ငံက နိုင်ငံရေးအရ ကိုယ်စားမပြုသည့်ပုဂ္ဂိုလ်ကိုသာ အာဆီယံဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဖိတ်ကြားခဲ့ရာ မြန်မာနိုင်ငံအရေးတွင် အင်အားကြီးနိုင်ငံအချို့၏ ဖိအားပေးမှုကြောင့် အာဆီယံအခြေခံစည်းမျဉ်း၊ အာဆီယံမူများအား သွေဖည်ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဖိအားပေးစွက်ဖက်မှုကြောင့် မိသားစုသဖွယ်ရပ်တည်လာခဲ့သော အာဆီယံနိုင်ငံများအတွင်း စည်းလုံးညီညွတ်မှု လျော့နည်းလာသည့်သဘောဖြစ်သည်။

အောက်တိုဘာလ ၂၅ ရက်နေ့နှင့် ၂၆ ရက်နေ့တွင်ပြုလုပ်သော (၇၇) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီ (လူမှုရေး၊ လူသားချင်းစာနာထောက်ထားမှုနှင့် ယဉ်ကျေးမှုကော်မတီ) ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အစီရင်ခံစာအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာပါ အကြောင်းအရာ တစ်ခုလုံးနီးပါးသည် ကုလသမဂ္ဂအမည်ခံ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးကိစ္စအတွက် လုပ်ပိုင်ခွင့်ပေးအပ်ထားသည်ဆိုသည့်သူများ၏ သိမ်းကျုံးစွပ်စွဲပြောကြားချက်များကို တိုက်ရိုက်ပြန်လည်ဖော်ပြချက်များသာဖြစ်သည်။

အလားတူ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံစာတွင်လည်း အပြုသဘောဆောင်သော ဖော်ပြချက်တစ်ခုတလေမျှမပါရှိဘဲ အကောင်းမမြင် အပျက်သဘောဆောင်ပြီး ချဲ့ကားဖော်ပြချက်များသာဖြစ်နေသည်ကို တွေ့ရသည်။ အစီရင်ခံစာနှင့် ရှင်းလင်းတင်ပြချက်များသည် မြန်မာနိုင်ငံ၏ ပကတိဖြစ်ပေါ်နေမှုများအပေါ်တွင် အခြေမခံဘဲ အကြမ်းဖက်အဖွဲ့များ၊ အကြမ်းဖက်အဖွဲ့များကို အထောက်အကူပြုနေသည့် လူမှုအဖွဲ့အစည်း အမည်ခံများနှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် နှုတ်ပြောစကားများအပေါ် အခြေခံထားသည်။ အမှန်တကယ်တွင် ၎င်းအဖွဲ့အစည်းများသည် ပြည်ပအဖွဲ့အစည်းအချို့ထံမှ တရားမဝင် အထောက်အပံ့များရရှိနေသည့် အလိုတူအလိုပါများသာဖြစ်သည်။

အောက်တိုဘာလ ၂၃ ရက်နေ့က ဖြစ်ပွားခဲ့သည့် ကချင်ပြည်နယ် အနန့်ပါဖြစ်စဉ်ကို တစ်ဖက်သတ် မမှန်မကန် ဖန်တီးလုပ်ကြံထားသော သတင်းများနှင့် စွပ်စွဲချက်များကို အခြေခံ၍ မီးမောင်းထိုး ပုံကြီးချဲ့ပြောကြားထားပြီး အောက်တိုဘာလ ၁၂ ရက်နေ့တွင် KNLA တပ်မဟာ(၁)နှင့် NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကျိုက်ထီးရိုးစေတီတော်၌ ဘုရားဖူးသူများကို အကြောင်းမဲ့ရက်စက် ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေကျေဒဏ်ရာရမှုများနှင့် အောက်တိုဘာလ ၂၁ ရက်နေ့တွင် KNU/KNLA တပ်မဟာ (၆) လက်အောက်ခံတပ်ရင်းများ၊ KKO ခွဲထွက်အဖွဲ့နှင့် NUG၊ CRPH လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကော့ကရိတ်မြို့ရှိ လူနေရပ်ကွက်များသို့ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးခဲ့ရမှုများကို မျက်ကွယ်ပြုထားသည်။ ထို့အပြင် NUG ၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများလက်ချက်ကြောင့် အပြစ်မဲ့ပြည်သူ ၄၀၇၃ ဦး သေဆုံးခဲ့ရသည်ကို လျစ်လျူရှုထားသည်။

ကမ္ဘာ့ပြည်သူများအကျိုးဆောင်ရွက်နေသော၊ လူသားချင်းစာနာထောက်ထားမှုကို ရေးရှုနေသော၊ နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ တရားမျှတမှု၊ ရိုင်းပင်းကူညီမှုကို တန်ဖိုးထားသော နိုင်ငံတကာအဖွဲ့အစည်းများ၏ မူလရည်ရွယ်ချက်နှင့် လက်ရှိဆောင်ရွက်နေမှုများမှာ မေးခွန်းထုတ်စရာဖြစ်နေသည်။ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ မှန်ကန်မှုမရှိသော သတင်းအချက်အလက်များနှင့် ချဲ့ကားထားသည့် အချက်အလက်များကို အခြေခံ၍ နိုင်ငံတကာမှ အာရုံစိုက်လာအောင် လုပ်ဆောင်သည့် နိုင်ငံတကာအဖွဲ့အစည်းအချို့၏လုပ်ဆောင်ချက်သည် ဘက်မလိုက်သော၊ ပညာရှင်ဆန်သော ကိုယ်ပိုင်ဝိသေသများကို ကိုယ်တိုင်ပြန်ဖျက်ဆီးနေသည့် ဂုဏ်သရေညှိုးနွမ်းစေသော လုပ်ရပ်များသာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံပြည်တွင်းရေးအပေါ် ဝင်ရောက်စွက်ဖက် မမှန်မကန် စွပ်စွဲပြောကြားခဲ့သော တစ်ဖက်သတ်လုပ်ရပ်များကို မြန်မာနိုင်ငံအနေဖြင့် မည်သည့်အခါမျှ လက်မခံဘဲ ပြင်းထန်ပြတ်သားစွာ ကန့်ကွက်ရှုတ်ချပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ကြေညာချက်

၁။ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် ပထမနှစ် (ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ မဟာဘွဲ့သင်တန်းများအထိ နေ့သင်တန်းများအားလုံးကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ(၁၀) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို (၂၇-၁၀-၂၀၂၂) ရက်မှ (၁၈-၁၁-၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) နေ့သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း



နေပြည်တော် နိုဝင်ဘာ ၁

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ဆွမ်းအခက်အခဲ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံမောင်နှင့် ဝန်ထမ်းမိသားစုများက နမ့်ဆန်မြို့နယ် ဇယန်းကြီးဘုန်းတော်ကြီးကျောင်းတိုက် ကျောင်းထိုင်ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၂၀၀ | ၂၀၀ | ၁,၈၄၀,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၄၀၀ | ၁,၁၀၂ | ၃,၆၅၇,၀၅၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၃၇ | ၂၈၄,၉၀၀ |
| FPB | ၂၀,၀၀၀ | ၁၉,၅၀၀ | ၆၂ | ၁,၂၁၂,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၅၂ | ၁၄၀,၄၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၆၀၀ | ၁,၅၉၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၁၁၀ | ၅၅၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၈၄.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၈.၅၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၅၆၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၃.၃၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၄၀၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၅၂.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၈၈.၈ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၃.၅ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၁၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

## အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လွယ်ကူစေရန် ခရိုင်များ တိုးချဲ့ဖွဲ့စည်းခဲ့

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများ ပိုမိုထိရောက်လွယ်ကူစေရန်အတွက် ခရိုင်များထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ခရိုင်အဆင့်အနေဖြင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ငန်းများကို စွမ်းဆောင်ရည်အရ ပိုမိုထိရောက်စွာဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ ထပ်မံတိုးချဲ့ခဲ့သည့် ခရိုင်များတွင် ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် မရှိမဖြစ်လိုအပ်သော ဌာနများနှင့် ရုံးများကို ဖွင့်လှစ်ပေးထားကြောင်း၊ တရားဥပဒေရေးရာလုပ်ငန်းများဆောင်ရွက်ရန်အတွက် တရားရုံးနှင့် ဥပဒေရုံး၊ အုပ်ချုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆောက်လုပ်ရေးဦးစီးဌာနများကို ပထမဦးစားပေးအနေဖြင့် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း။

## နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်း(MSME)များ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်

ပြီးခဲ့သည့် စက်တင်ဘာလမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို သွားရောက်ခဲ့ပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME)များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် အစိုးရများပြောင်းလဲမှုများတွင် မူဝါဒကွဲပြားမှုများကြောင့် လုပ်ငန်းများအောင်မြင်သင့်သလောက် အောင်မြင်မှုမရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ၏ စီးပွားရေးမြှင့်တင်ရေးအတွက် MSME လုပ်ငန်းသည် အဓိကကျသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပေးထားပြီးဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

## ပြည်တွင်းကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်မည်ဆိုပါက ပိုမိုအကျိုးရှိ

MSME လုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အဓိကထားဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှထွက်ရှိသည့် ကုန်ကြမ်းများဖြင့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းသည် ပိုမိုအကျိုးရှိစေကြောင်း၊ MSME လုပ်ငန်းအတွက် အဓိကလိုအပ်ချက်လေးခုရှိပြီး ၎င်းတို့မှာ ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ ကုန်ထုတ်လုပ်မှုအတွက် ကုန်ကြမ်းလိုအပ်မှုမရှိစေရန် ပြည်ပမှကုန်ကြမ်းများဝယ်ယူခြင်းထက် ပြည်တွင်းနှင့် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းများနှင့် သဘာဝသယံဇာတကုန်ကြမ်းများကို အသုံးပြုမည်ဆိုပါက နိုင်ငံခြားငွေကြေးသုံးစွဲမှုများကိုပါ သက်သာစေမည်ဖြစ်ကြောင်း၊ အချက်အချာကျသည့် ဒေသများတွင် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စက်မှုကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သီတာဦး ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ရှင်းလင်းတင်ပြစဉ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုဇုန်များ အကောင်အထည်ဖော် ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သကဲ့သို့ အဓိကကျသည့် ခရိုင်မြို့ကြီးများတွင် ဆောင်ရွက်ရန်အတွက်လည်း မိမိအနေဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စက်မှုလုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ပြီး မြို့ကြီးပြကြီးများသို့ သွားရောက်၍ အလုပ်လုပ်ကိုင်ရမှုများ လျော့နည်းသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခရိုင်မြို့များတွင် စက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့် MSME လုပ်ငန်းသည် ပိုမိုအကျိုးဖြစ်ထွန်းသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ကုန်ကြမ်းများစွာရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကိုစနစ်တကျလျှောင်မွေးသည့်စနစ်ဖြင့် မွေးမြူမည်ဆိုပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း (MSME) များတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း။

## နိုင်ငံတော်မှရင်းနှီးမြှုပ်နှံငွေများထုတ်ချေးပေးထားမှုနှင့် ပြန်လည်ပေးဆပ်ရန်လိုအပ်မှု

နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးမှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေး ချေးငွေများကို ခေါင်းစဉ်အလိုက် ထုတ်ချေးပေးထားကြောင်း၊ အဆိုပါချေးငွေများ ပြန်လည်ပေးဆပ်ရမည့်ကာလကိုလည်း လုပ်ငန်းရှင်များ၏ တောင်းဆိုမှုများကြောင့် သတ်မှတ်ကာလတစ်ခုသို့ ရွှေ့ဆိုင်းပေးခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် လည်ပတ်ငွေများရှိနေမှသာလျှင် စီးပွားရေးလုပ်ငန်းများသည်လည်း တိုးတက်ကောင်းမွန်မည်ဖြစ်သဖြင့် ချေးငွေများကို သတ်မှတ်အချိန်အတွင်း အချိန်မီ ပြန်လည်ပေးဆပ်ကြရန်လိုကြောင်း၊ အဆိုပါချေးငွေများ ပြန်လည်ရရှိမှသာ နိုင်ငံတော်အနေဖြင့် အခြားလိုအပ်သူများကို ထပ်မံထုတ်ချေးပေးနိုင်မည်ဖြစ်ကြောင်း၊ အားလုံးမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း။

## ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများရရှိရန်လိုအပ်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် သွင်းအားစုများအနေဖြင့် လျှပ်စစ်ဓာတ်အားနှင့် လောင်စာများ၊ စက်သုံးဆီများ၊ မြေသြဇာ၊ ပိုးသတ်ဆေးနှင့် တိရစ္ဆာန်အစာများ လိုအပ်ကြောင်း၊ စက်သုံးဆီနှင့် မြေသြဇာများမှာ အဓိကလိုအပ်ချက်များဖြစ်ကြောင်း၊ ဓာတ်မြေသြဇာများနှင့် စက်သုံးဆီများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် အခက်အခဲများကြားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းတွင် မြေသြဇာသည် အရေးကြီး လိုအပ်ချက်ဖြစ်ကြောင်း၊ ပြည်တွင်း၌ မြေသြဇာများ ထုတ်လုပ်နိုင်ရေးနှင့် ဇီဝမြေသြဇာများရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျမွေးမြူ၍လည်း ဇီဝမြေသြဇာများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ပိုးသတ်ဆေး၊ လျှပ်စစ်နှင့် လောင်စာများ လုံလောက်စွာရရှိရန်လိုကြောင်း၊ စွမ်းအင်အတွက် ဂက်စ်နှင့် ကျောက်မီးသွေးများ လုံလောက်စွာရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သွင်းအားစုများ လုံလောက်စွာရရှိမှသာ ထုတ်လုပ်မှုများကိုလည်း အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

## လူသားအရင်းအမြစ်များ လုံလောက်စွာရရှိရန်လိုအပ်

လူသားအရင်းအမြစ် လိုအပ်ချက်နှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များရှိမှသာ အရည်အသွေးရှိသည့် လုပ်သားအင်အားများရရှိနိုင်မည်ဖြစ်သဖြင့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေး အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အသားတင်စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပြီးဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ လူဦးရေတွင် အသက် ၂၄ နှစ်မှ ၇၄ နှစ်အကြား အလုပ်လုပ်ကိုင်နိုင်သည့် လူဦးရေသည် သန်း ၃၀ ခန့်ရှိသဖြင့် လူတစ်ဦးလျှင်ပျမ်းမျှအားဖြင့် စိုက်ပျိုးမြေတစ်ဧကကျော်ကို လုပ်ကိုင်နိုင်သည်ဟု ယေဘုယျပြောနိုင်ကြောင်း၊ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး ကျေးလက်ဒေသတွင် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လုပ်အားများ များစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ လူသားအရင်းအမြစ်များကို စနစ်တကျ အသုံးချနိုင်ရန်လိုကြောင်း။

အခြေခံ လူသားအရင်းအမြစ်များရရှိရေးအတွက် ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို အခြေခံပညာကျောင်းများတွင် တိုးချဲ့သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုမှတစ်ဆင့် စိုက်ပျိုး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံကျောင်းများနှင့် တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်နိုင်ကြောင်း၊ လူသားအရင်းအမြစ်သုံးရပ်ကို မဖြစ်မနေမွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း လူသားအရင်းအမြစ်များရရှိရေး စနစ်တကျ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

MSME လုပ်ငန်းများအတွက် နည်းပညာလိုအပ်ချက်များရှိကြောင်း၊ နည်းပညာလိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ဖြည့်ဆည်းဆောင်ရွက်ပေး၍ရကြောင်း၊ MSME လုပ်ငန်းများမှထွက်ရှိလာသည့် ထုတ်ကုန်များကို ကုန်စည်ပြပွဲများပြုလုပ်ပေးခြင်းဖြင့် ဈေးကွက်ရရှိနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ စီးပွားရေးနှင့်ပတ်သက်၍ ယခုနှစ်ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း ကုန်သွယ်မှုပိုငွေ ၃၅ ဒသမ ၅၁ သန်းရှိခဲ့ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းများကို ပြန်လည်စိစစ်ကြည့်သည့်အခါ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း စက်သုံးဆီနှင့် စားသုံးဆီ၊ သံမဏိပစ္စည်း၊ ဓာတ်မြေသြဇာ၊ နို့ထွက်ပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများ တင်သွင်းခဲ့ရကြောင်း၊ ပြည်ပသွင်းကုန်များလျှော့ချနိုင်ရေးအတွက် MSME လုပ်ငန်းများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အောင်မြင်အောင် ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆

☆ **ဒေသတွင်းမှထွက်ရှိသည့် ကုန်ကြမ်းဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်သည့် MSME လုပ်ငန်းသည် ပိုမိုအကျိုးဖြစ်ထွန်းသည်ကို တွေ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ကုန်ကြမ်းများစွာရှိကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျလျှောင်မွေးသည့်စနစ်ဖြင့် မွေးမြူမည်ဆိုပါက ပိုမိုအောင်မြင်ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများမှ မွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ရကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံပြအဖြစ် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေးထွက်ကုန် ကုန်ကြမ်းများဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်း(MSME)များတွင် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စီးပွားရေးတိုးတက်မှုကို အထောက်အကူပြုစေမည်ဖြစ်**

☆ စာမျက်နှာ ၃ မှ

MSME လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ ပြည်တွင်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးရန်၊ သွင်းကုန်အစားထိုးနိုင်ရန်၊ ပို့ကုန်များရရှိနိုင်စေရန်ဖြစ်ကြောင်း၊ ပြည်တွင်းစီးပွားရေးကို အားပေးရန်အတွက် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်လာမည်ဆိုပါက ပြည်ပသွင်းကုန်များကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အရည်အသွေးမြင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပပို့ကုန်များ ရရှိမည်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

## ပြည်ပမှစက်သုံးဆီနှင့် စားသုံးဆီများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်

ပြည်ပသွင်းကုန်နှင့်ပတ်သက်၍ စက်သုံးဆီတင်သွင်းမှုကို လျှော့ချနိုင်ရန် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် လျှပ်စစ်ကို ပိုမိုထုတ်လုပ်နိုင်ရန်အတွက် မိမိအနေဖြင့် တိုက်တွန်းပြောကြားခြင်းဖြစ်ကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်ရန်လိုကြောင်း၊ စက်သုံးဆီများ ချွေတာသုံးစွဲရန် လိုအပ်ကြောင်း၊ ကုန်စည်များ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍လည်း ရထားဖြင့်ပို့ဆောင်သည့်စနစ်ကို အဓိကထားဆောင်ရွက်မည်ဆိုပါက စက်သုံးဆီသုံးစွဲမှုကို လျှော့ကျစေမည်ဖြစ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများတွင် အားနည်းချက်များရှိနေသေးကြောင်း၊ စက်သုံးဆီသုံးစွဲမှုလျှော့ချရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့၏နီးစပ်ရာအလိုက် စုပေါင်းအကောင်အထည်ဖော်မှုဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ ပြည်ပမှတင်သွင်းမှုကို လျှော့ချနိုင်ရန်အတွက် ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ ဆီထွက်သီးနှံများ၏ တစ်ဧကအထွက်နှုန်းကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဆီထုတ်လုပ်မှုများ ယခုထက်ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများ အထွက်နှုန်း တိုးတက်စေရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ စက်သုံးဆီနှင့် စားသုံးဆီများ ပြည်ပမှတင်သွင်းမှုကိုလျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုများ များစွာလျှော့ကျသွားမည်ဖြစ်ကြောင်း။

## နိုင်ငံအတွက်လိုအပ်လျက်ရှိသည့် စက္ကူများထုတ်လုပ်နိုင်ရန် လိုအပ်

မိမိတို့နိုင်ငံတွင် စက္ကူလိုအပ်ချက်များရှိကြောင်း၊ နေ့စဉ်ထုတ်သတင်းစာများ နေ့စဉ်ရိုက်နှိပ်ထုတ်ဝေနေသကဲ့သို့ မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် ကျောင်းသုံးစာအုပ်များအတွက် စက္ကူများလိုအပ်လျက်ရှိသဖြင့် ပြည်ပမှတင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် စက္ကူထုတ်လုပ်နိုင်သည့် သစ်နှင့်ဝါးများ အလျှံပယ်ရှိသကဲ့သို့ စက္ကူစက်ရုံများလည်းရှိပြီးဖြစ်ကြောင်း၊ သို့သော် အကြောင်းအမျိုးမျိုးကြောင့် စက္ကူများ ထုတ်လုပ်နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတွင်ရှိပြီးဖြစ်သည့် စက္ကူစက်ရုံများမှ စက္ကူများ ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ အလားတူ စက္ကူပျော့ဖတ်များကိုလည်း ထုတ်လုပ်နိုင်ရန်လိုကြောင်း။

မိမိတို့နိုင်ငံ၌ သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းများ တဖြည်းဖြည်းကျဆင်းလာကြောင်း၊ တရားမဝင်သစ်ထုတ်လုပ်မှုများ ပိုမိုများပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ သစ်တောများပြန်လည်ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါးတောများစွာရှိကြောင်း၊ ဝါးများကို အသုံးပြု၍ စက္ကူများကိုထုတ်လုပ်နိုင်မည်ဆိုပါက များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းများအလိုက် ဝါးထုတ်လုပ်ရေးနှင့်ပတ်သက်၍ စနစ်တကျဖြင့် ဆောင်ရွက်ကြစေလိုကြောင်း၊ သစ်တောများ ပြန်လည်ဖုံးလွှမ်းရေးအတွက်လည်း ဆောင်ရွက်ကြရန်လိုကြောင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးရေးအတွက် လာမည့်မိုးရာသီမှစ၍ အမျိုးသားရေးရည်မှန်းချက်အဖြစ် စီမံချက်ချမှတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်တွင်း၌ စက္ကူများလုံလောက်စွာ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ပုဂ္ဂလိကနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ရှင်းလင်းတင်ပြစဉ်။

## ဝန်ကြီးဌာနများအနေဖြင့် နိုင်ငံတော်၏ ဘတ်ဂျက်ငွေများကို အကျိုးရှိစွာအသုံးချရန်လို

နိုင်ငံတော်အနေဖြင့် ကောက်ခံရရှိသည့် အခွန်ငွေများဖြင့် လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေရခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနအလိုက် သုံးစွဲငွေများကို စနစ်တကျဖြင့် စိစစ်သုံးစွဲကြရန်လိုပြီး မလိုလားအပ်သည့် ငွေကြေးသုံးစွဲမှုများမရှိစေရေး အလေးထားကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့် ဝန်ကြီးဌာနများအနေဖြင့် အရှုံးအမြတ်များရှိသော်လည်း တတ်နိုင်သမျှ အရှုံးမရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအလိုက် လိုအပ်မှုမရှိသည့် လုပ်ငန်းများကို ပြန်လည်စိစစ်ပြီး တင်ပြဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် ယခုအခါတွင် လိုအပ်ချက်အရသာ နိုင်ငံတော်အနေဖြင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ပုဂ္ဂလိကလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းများ ကျဆင်းမှုမရှိအောင် ဆောင်ရွက်၍ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

## အဖိုးတန်ရေကို ချွေတာသုံးစွဲရန်လိုအပ်

ယခုနှစ်တွင် မိုးရွာသွန်းမှု နည်းပါးခဲ့သည့်အတွက် ယခင်နှစ် ကာလတူထက် မိုးရေချိန် နည်းပါးသောကြောင့် အချို့သော ဆည်များအတွင်းသို့ ရေဝင်ရောက်မှုများ လျော့နည်းကြောင်း၊ ထို့ကြောင့် ဆည်ရေများကိုစိုက်ပျိုးရေးလုပ်ငန်းများ၌ သုံးစွဲရာတွင် ထိထိရောက်ရောက်ဖြင့် စနစ်တကျ သုံးစွဲကြရန်လိုကြောင်း၊ ရေကိုအဟောသိကံ သုံးစွဲခြင်းများမပြုလုပ်ဘဲ ရေကိုချွေတာသုံးစွဲကြရန်လိုကြောင်း၊ လာမည့်နွေရာသီ၌ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး စသည့် မြေလတ်ဒေသများတွင် ရေရှားပါးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ ထို့ကြောင့် ရေရှိရေးအတွက် တာဝန်ရှိသူများက ကြိုတင်စဉ်းစားပြီး စီမံဆောင်ရွက်ထားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးနှင့် ပတ်သက်၍ ပြောကြားရာတွင် “အဲ့ဒီတော့ ကျွန်တော့်ရဲ့ မူဝါဒမှာ ကျွန်တော်ပြောပြီး ဖြစ်ပါတယ်။ အဲ့ဒါကတော့ ကျွန်တော်တို့သည် တိုင်းပြည်က သာယာဝပြောရမယ်။ စားရေရိက္ခာပေါများရမယ်။ ကျွန်တော်တို့ လက်ရှိအထွက်နှုန်းအရဆိုလို့ရှိရင် ဆန်လည်း ကျွန်တော်တို့ ပိုပါတယ်။ ပဲတွေ ကျွန်တော်တို့ နိုင်ငံခြား တောက်လျှောက်ပို့ပါတယ်။ ဆီထွက်သီးနှံလည်း အလားတူပို့နေတာရှိပါတယ်။ အဲ့ဒီတော့ ဒီထက်ပိုအောင်လုပ်နိုင်ဖို့ ကျွန်တော်တို့ အခွင့်အလမ်းရှိပါတယ်။ စောစောကပြောတဲ့ စိုက်ဧက ၃၃ သန်း၊ အဲ့ဒီစိုက်ဧက ၃၃ သန်းမှာ သီးထပ်တို့၊ သီးညှပ်တို့ ရအောင်စိုက်မယ်ဆိုရင် ကျွန်တော်တို့ အထွက်နှုန်းတွေအများကြီး ပိုလာပါလိမ့်မယ်။ ကျွန်တော်ကလည်း မူဝါဒကတော့ စိုက်ဧကမတိုးချဲ့ဖို့ ပြောထားပါတယ်။ စိုက်ဧက ကတော့ မထိခိုက်ဖို့လိုပါတယ်။ လုပ်ချင်လို့ရှိရင် မြေကွက်ဖော်၊ အသစ်ဖော်ပြီးလုပ်ပါ။ စိုက်ပျိုးမြေတော့လာမထိပါနဲ့။ အဲ့ဒီတော့ တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်နဲ့လုပ်မယ်။ သီးထပ်စားရအောင်လုပ်မယ်၊ တိုးမြှင့်အောင်လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းပြည် ဒီထက်ဝင်ငွေများစွာရမှာဖြစ်ပါတယ်။ သေချာပေါက် ဖြစ်ပါမယ်။ ဒ့ါကြောင့် ဒါကိုကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများရော၊ ဝန်ကြီးချုပ်များကနေပြီးတော့ အမြဲတမ်းထည့်သွင်းစဉ်းစားပြီးတော့မှ ဦးစားပေးအနေနဲ့ စားရေရိက္ခာပေါများရေး၊ ထွက်လာတဲ့ဟာ များများရောင်းရလို့ရှိရင် တိုင်းပြည်ဝင်ငွေရရင် တိုင်းပြည်သာယာဝပြောမှုဖြစ်မှာပဲ။ တိုင်းပြည်သာယာဝပြောတယ်ဆိုတာ ငွေချမ်းသာဖို့လည်းရှိလိမ့်မယ်။ စိတ်ချမ်းသာဖို့လည်းလိုတယ်။ ငွေချမ်းသာဖို့၊ စိတ်ချမ်းသာဖို့လိုတယ်။ တရားဥပဒေစိုးမိုးရေးဖြစ်ဖို့လည်းလိုတယ်။ ဒါမှ တိုင်းပြည်သာယာဝပြောမှာပေါ့။ ဒါမှမဟုတ်ရင် ကျွန်တော်တို့က တပူပူနဲ့။ ငွေကတော့ ချမ်းသာပါတယ်။ လုံခြုံမှုမရှိလို့ရှိရင် အထုပ်ပိုက်ပြီးတော့ ကင်းစောင့်ပြီး အိပ်နေရမှာပေါ့။ ငှါပစ္စည်း ဘယ်အချိန်ဘာလုပ်မလဲဆိုပြီး ဖြစ်နေရမှာ။ ဒါတွေကလည်း ရှိသေးတာပေါ့။ ရည်မှန်းချက်က တကယ့်ကို တိုင်းပြည်အတွက်ဖြစ်သင့်တဲ့ ရည်မှန်းချက်ပါ။ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေး။ ဒါကို ကျွန်တော်တို့ သွားရမှာဖြစ်ပါတယ်။ ဒါကြောင့် စားရေရိက္ခာပေါများရေးတော့ ပြည်နယ်နဲ့ တိုင်းဝန်ကြီးချုပ်များရော ပြည်ထောင်စုဝန်ကြီးများရော သက်ဆိုင်ရာ ကဏ္ဍအလိုက်လုပ်ပေးကြဖို့ ကျွန်တော်ပြောလိုပါတယ်။ တိုင်းပြည်သာယာဝပြောရေးဆိုလို့ရှိရင်လည်း တရားဥပဒေစိုးမိုးရေးနဲ့ ခုနကပြောတဲ့ ထွက်ကုန်ပစ္စည်းတွေများများလုပ်ပြီးတော့မှ ပြည်သူလူထုဝင်ငွေရရှိရေး၊ ပြည်သူလူထုချမ်းသာရေးလုပ်ပေးဖို့က ကျွန်တော်တို့လုပ်ဖို့ လိုပါတယ်။ ဒါဆိုလို့ ရှိရင်တော့ ကျွန်တော်တို့ရဲ့ အစိုးရရဲ့တာဝန်ကျေတယ်လို့ ပြောချင်ပါတယ်။ အဲ့လို မဟုတ်ရင်တော့ အစိုးရရဲ့တာဝန်မကျေဘူး။ ကျွန်တော်တို့လုပ်သွားတဲ့ဟာကို မှတ်ကျောက်တင်နေတာပဲ အခုအချိန်မှာ၊ နောင်တက်လာတဲ့အစိုးရလည်း နောင်တက်လာတဲ့အချိန်မှာ ကျွန်တော်တို့ အစိုးရကို ဝေဖန်လိမ့်မယ်။ ကျွန်တော်တို့လည်း ပြီးခဲ့တဲ့အစိုးရ ကျွန်တော်တို့ ဝေဖန်ခဲ့တယ်။ ပြီးခဲ့တဲ့ အစိုးရနှစ်ဆက်ကို ဝေဖန်ခဲ့တယ်။ အချို့ဟာတွေမှာ အရင် နဝတ၊ နယကတုန်းက ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ပြောခဲ့တာရှိတယ်။ အဲ့ဒီတော့ ကောင်းတဲ့ပြောတဲ့ဟာမျိုးကို ခံနိုင်ဖို့ဆိုရင်တော့ ကျွန်တော်တို့ ဒီဟာကို အောင်မြင်အောင် လုပ်မှရမယ်ဆိုတာ။ ကျွန်တော် ခုနကပြောတဲ့ အကုန်လုံးဆက်စပ်ပြီးတော့ ခြုံငုံပြီးတော့ရှင်းပြတာပါ။ အသေးစိတ်ပြောမယ်ဆိုရင် အချက်အလက်တွေ အများကြီးရှိတယ်။ ပြောလို့လည်း ပြီးမှာမဟုတ်ပါဘူး။ ဒါကြောင့် ဝန်ကြီးများကို ဒီနေ့အစည်းအဝေးမှာ ဒါလေးအလေးထားပြီးတော့ ကျွန်တော်မှာချင်ပါတယ်။”ဟု ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၅ သို့ ☆

☆ ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဦးစီးဌာနများအနေဖြင့် ဝန်ကြီးဌာနက ချမှတ်ပေးသည့် မူဝါဒများကို မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လို

☆ ထိုသို့ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအနေဖြင့် မူဝါဒများကို မှန်ကန်စွာချမှတ်ပေးရန်နှင့် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင်လည်း ပီပြင်မှုရှိရန်လိုအပ်

☆ လုပ်ခလစာတိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ တိုင်းပြည်၏ စီးပွားရေးမတိုးတက်ဘဲ ဆောင်ရွက်ပေး၍မရပါကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရသင့်ရထိုက်သည့် ဝင်ငွေများ အပြည့်အဝရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်

☆ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် စိန်ရတုလွတ်လပ်ရေးနေ့ကို နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ပြပွဲ၊ ပြိုင်ပွဲများ၊ သရုပ်ပြယာဉ်များ၊ ပြခန်းများ၊ အားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အစိုးရအနေဖြင့် နှစ်ပေါင်း ၇၅ နှစ်တွင် တစ်ကြိမ်သာရသည့် အခွင့်အရေးဖြစ်သည့်အတွက် ခမ်းနားထည်ဝါစွာ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများကိုလည်း အဆင့်မီစွာ ကျင်းပနိုင်ရေးနှင့် အားကစားအဆင့်အတန်း ရေရှည်တိုးတက်ရေးအတွက်ပါ စဉ်းစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဝန်ထမ်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများက အထက်အောက်နွေးထွေးစွာ ဆက်ဆံရန်နှင့် ကွပ်ကဲအုပ်ချုပ်ရာတွင် ညီညွတ်မျှတသော အုပ်ချုပ်မှုစနစ်ဖြစ်ရန်လိုအပ်ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများအောက်ရှိ လုပ်ငန်းများသည် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး ဦးစီးဌာနများအနေဖြင့် ဝန်ကြီးဌာနက ချမှတ်ပေးသည့် မူဝါဒများကို မှန်မှန်ကန်ကန် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအနေဖြင့် မူဝါဒများကို မှန်ကန်စွာချမှတ်ပေးရန်နှင့် အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ရာတွင်လည်း ပီပြင်မှုရှိရန်လိုအပ်ကြောင်း၊ လုပ်ငန်းများတွင် ရှိပြီးစက်ပစ္စည်း၊ ဝန်ထမ်းအင်အားဖြင့် ဌာနအလိုက် သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို လုပ်ဆောင်နိုင်ရန် လိုအပ်ကြောင်း၊ မလိုအပ်ဘဲ ပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းလုပ်ကိုင်စေခြင်း မပြုရန် လိုအပ်ကြောင်း၊ ဦးစီးဌာနနှင့် လုပ်ငန်းလုပ်ဆောင်သည့်ဌာန လုပ်ငန်းတာဝန်အလိုက် မှန်ကန်စွာ လုပ်ဆောင်ရန်လိုကြောင်း၊ လုပ်ခလစာတိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ တိုင်းပြည်၏ စီးပွားရေးမတိုးတက်ဘဲ ဆောင်ရွက်ပေး၍မရပါကြောင်း၊ သို့ဖြစ်၍ ဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရသင့်ရထိုက်သည့် ဝင်ငွေများ အပြည့်အဝရရှိရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

လျှပ်စစ်မီးသုံးစွဲမှုနှင့်စပ်လျဉ်း၍ အမှန်တကယ်လိုအပ်သလောက်သာ သုံးစွဲကြရန်နှင့် ရုံး၊ ဌာန၊ ဆေးရုံ၊ ကျောင်းများတွင် သဘာဝအလင်းရောင်ရရှိစေရေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူများနှင့်ပူးပေါင်းပြီး မြို့ရွာသန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ဖိဖိစီးစီး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ဧကအမှန်ရရှိရေး စီမံဆောင်ရွက်ကြရန် လိုအပ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်စိစစ်သွားရန် လိုအပ်ကြောင်း။

ဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် တစ်နှစ်လျှင်ဝါးအလုံးရေ ၂၆၅ သန်းခန့် ထုတ်လုပ်နိုင်မည်ဟုခန့်မှန်းထားပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ ဧရာဝတီတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့သည် ဝါးအများဆုံးထုတ်လုပ်နိုင်သည့် ဒေသများဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးမှ ထွက်ရှိသည့်ဝါးများကို ပျော့ဖတ်အဖြစ် ထုတ်လုပ်မည်ဆိုပါက ပျော့ဖတ်တန်ချိန် လေးသန်းခန့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းပျော့ဖတ်များဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့်စက္ကူကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်သကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း ပျော့ဖတ်များ တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နိုင်ငံအတွင်း တည်ဆောက်ထားရှိသည့် စက္ကူစက်ရုံများ လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းတွက်ချက် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ပြည်ပပို့ကုန်ဆန်အထွက်နှုန်း ကောင်းမွန်တိုးတက်စေရန်အတွက် အထွက်နှုန်းကောင်းမွန်သည့် မျိုးစပါးများကို သတ်မှတ်ထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သီးထပ်စိုက်ပျိုးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေရရှိရေးအတွက် ပြည်ပပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများ၏ လိုအပ်ချက်များကိုသိရှိအောင်ကြိုးစားပြီး နိုင်ငံခြားဈေးကွက်ရရှိအောင် ဖော်ဆောင်၍ နိုင်ငံ၏စီးပွားရေးတိုးတက်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ၊ ဂုဏ်ပြုယာဉ်များတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

တည်ဆောက်ရေးလုပ်ငန်းနှင့်အညီ ဂုဏ်ပြုယာဉ်၏ ကိုယ်ထည်တည်ဆောက်မှုပိုင်းနှင့် မြန်မာမှုရုပ်လုံးရုပ်ကြွများနှင့် အချောထည် တည်ဆောက်ခြင်းအပိုင်း နှစ်ပိုင်းခွဲထားပြီး ကိုယ်ထည်တည်ဆောက်မှုပိုင်းအနေဖြင့် ယာဉ်ပေါ်တွင် ပြသမည့်ပစ္စည်းများ၏ အလေးချိန်ကို ခံနိုင်အောင် တောင့်တင်းခိုင်မာရန် လိုကြောင်း၊ အသုံးပြုမည့်ပစ္စည်းများကို Steel Angle၊ C – Channel တို့နှင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အရန်တန်းများကို Aluminium Hollow သုံးပြီး အထပ်သား ကပ်ခြင်းဖြင့် ကိုယ်ထည်အပိုင်းကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ပြောကြားသည်။



**ပြောကြား**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ၊ ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာ ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာမှုရုပ်လုံးရုပ်ကြွ၊ ပန်းပု၊ ပန်းချီများနှင့် ရိုးရာယဉ်ကျေးမှုအထိမ်းအမှတ်များ၊ ဝန်ကြီးဌာနများ၏ အထင်ကရကြိုးပမ်းလုပ်ဆောင်ချက်များကို နိုင်ငံတော်အဆင့်နှင့်အညီ လက်ရာလက်သားကောင်းမွန်ရန် ယခုကတည်းက အချိန်ယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကြီးကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက မိမိတို့ ဆောင်ရွက်ကြမည့် ဂုဏ်ပြုယာဉ်များဖြင့် ခမ်းခမ်းနားနားအောင်မြင်အောင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ဒုတိယစစ်အင်ဂျင်နီယာညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ခင်မောင်အေးက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားအတွက် ဂုဏ်ပြုယာဉ်များ တည်ဆောက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် သတ်မှတ်ချက်များ၊ ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဂုဏ်ပြုယာဉ်များ တည်ဆောက်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်တို့က (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်ရန်နှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြမှုတို့အပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ဂုဏ်ပြုယာဉ်များ သတ်မှတ်အချိန်မီပြီးစီးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြေ၊ အဆောက်အအုံ အတိုင်းအတာစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်၊ မြေ၊ အဆောက်အအုံ အတိုင်းအတာစိစစ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ကော်မရှင်၊ မြေ၊ အဆောက်အအုံ အတိုင်းအတာစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းဖေက ကော်မတီသည် မြေနှင့် အဆောက်အအုံ အတိုင်းအတာ စစ်ဆေးရေးနှင့်ပတ်သက်၍ လိုအပ်သည့်အမိန့်/ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသဖြင့် မြေ၊ အဆောက်အအုံ အတိုင်းအတာ စိစစ်ရေးကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ် ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏ တိုင်းဒေသကြီးနှင့် ပြည်နယ်မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေမည့် ဌာနဆိုင်ရာများပါဝင်သော မြေ၊ အဆောက်အအုံ အတိုင်းအတာစိစစ်ရေးကော်မတီခွဲတွင် အဖွဲ့ခေါင်းဆောင်များအနေဖြင့် တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီခွဲများသည် ကော်မတီ၏ လုပ်ငန်းတာဝန်များကို မြေပြင်လက်တွေ့ ကွင်းဆင်းတိုင်းတာစိစစ်၍ ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်က သတ်မှတ်ပေးထားသည့် ပုံစံ(၁၅)ချက်နှင့်အညီ ပြန်လည်တင်ပြရမည်ဖြစ်သည့်အတွက် လုပ်ငန်းတာဝန်နှင့် သင့်လျော်သည့်ဌာနများထည့်သွင်းပြီး လုပ်ငန်းများ လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်ရေး ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းရန်လိုကြောင်း၊ ကော်မတီခွဲများအနေဖြင့် မြေပြင်တွင် တိုင်းတာစိစစ်ရမည့်လုပ်ငန်းအမျိုးအစား သုံးမျိုးရှိကြောင်း၊ ကော်မတီခွဲများ မြေပြင်ကွင်းဆင်း၍ တွေ့ရှိသည့်အချက်များသည် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်မှ ပေးပို့သည့် အချက်အလက်များနှင့် ကွဲလွဲမှု ရှိ၊ မရှိ တိုင်းတာစိစစ်ပြီး သတ်မှတ်ပုံစံများနှင့် ပြည့်စုံစွာရေးသားပေးပို့ရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် ကော်မတီအတွင်းရေးမှူး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက ကော်မတီလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်မှုဖြင့် နိုင်ငံရေး အဖြေမရနိုင်

ဇင်ငြိမ်း

အောက်တိုဘာ ၂၁ ရက်က ကော့ကရိတ်မြို့ကို KNU/KNLA တပ်မဟာ (၆) လက်အောက်ခံတပ်ရင်းတွေ၊ KKO (ခွဲထွက်) အဖွဲ့နဲ့ PDF တွေက တိုက်ခိုက်ခဲ့ကြပါတယ်။ အဲဒီဖြစ်စဉ်မှာ အပြစ်မဲ့ပြည်သူအချို့ သေဆုံးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိမှုတွေလည်း ဖြစ်ခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မတိုင်ခင်က အင်းစိန်ထောင်မှာ ဗုံးခွဲတိုက်ခိုက်ခဲ့ကြလို့ အပြစ်မဲ့ပြည်သူအချို့သေဆုံးခဲ့ပါတယ်။ ဒါ့အပြင် ကျိုက်ထီးရိုးတောင်တက်ကားဂိတ်မှာ ပစ်ခတ်ခဲ့လို့ ဘုရားဖူးပြည်သူတွေ သေဆုံးခဲ့ပါသေးတယ်။ ဒီထက်ဆိုးရွားတဲ့ လုပ်ရပ်ကတော့ ကျောင်းကိုဗုံးခွဲတိုက်ခိုက်ခြင်းပါပဲ။ အောက်တိုဘာ ၂၂ ရက်က ခင်ဦးမြို့နယ် မကျီးတုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို Drone အသုံးပြုပြီး Drop Bomb နဲ့တိုက်ခိုက်ခဲ့ကြပါတယ်။ ပြောရရင်တော့ စစ်ရေးဆိုင်ရာ ပစ်မှတ်တွေမဟုတ်ဘဲ ကလေးသူငယ်တွေ၊ အများပြည်သူဆိုင်ရာနေရာတွေ၊ ဘုရားစေတီပုထိုးတွေ၊ ကျောင်းတွေ၊ လမ်းတံတားတွေ၊ အစိုးရဆိုင်ရာရုံးတွေနဲ့ အဆောက်အအုံတွေကို ပစ်မှတ်ထားတိုက်ခိုက်နေတာ လွဲမှားတဲ့အယူအဆနဲ့ လုပ်ဆောင်မှုတွေ ဖြစ်ပါတယ်။

ဒီလိုအကြမ်းဖက်လုပ်ရပ်တွေကြောင့် သေဆုံးဒဏ်ရာရခဲ့တဲ့ အပြစ်မဲ့ပြည်သူတွေအတွက် အလွန်ပဲစိတ်မကောင်း ဖြစ်ရပါတယ်။ တစ်ဆက်တည်း တွေးမိတာက အခုလို အကြမ်းဖက်လုပ်ရပ်တွေ ဘာရည်ရွယ်ချက်အတွက် လုပ်နေကြတာလဲ။ နိုင်ငံရေး ရည်ရွယ်ချက်လား၊ စစ်ရေးဆိုင်ရာ ရည်ရွယ်ချက်လား ဆိုတာပါပဲ။ နိုင်ငံရေး ရည်ရွယ်ချက်ပဲဖြစ်ဖြစ်၊ စစ်ရေးရည်ရွယ်ချက်အတွက်ပဲဖြစ်ဖြစ် လုပ်ဆောင်တာဆိုပြီး အခုအသုံးပြုနေတဲ့ အကြမ်းဖက်တဲ့နည်းလမ်းတွေနဲ့ အရပ်ဘက်ဆိုင်ရာ ပစ်မှတ်တွေ၊ စစ်ရေးနဲ့ လုံးဝမသက်ဆိုင်တဲ့ ပြည်သူတွေ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံတွေနဲ့ ကျောင်းတွေကို တိုက်ခိုက်နေတာဟာ ပြဒါးတစ်လမ်း သံတစ်လမ်း ဆန့်ကျင်နေပါတယ်။

စစ်ရေးဆိုရင်လည်း စစ်ရေးဆိုင်ရာလိုက်နာရမယ့် ဂျီနီဗာကွန်ဗင်းရှင်းတို့၊ ကျင့်ဝတ်တို့နဲ့ ဆန့်ကျင်နေပါတယ်။ နိုင်ငံရေးရည်မှန်းချက်အတွက် စစ်ရေးနည်းလမ်းကို အသုံးပြုတာဆိုရအောင်လည်း ပြည်သူလူထုကို ဒုက္ခရောက်အောင်လုပ်နေတာဖြစ်လို့ နိုင်ငံရေးရည်မှန်းချက်လို့ မသတ်မှတ်နိုင်ပါဘူး။

## အပြောနဲ့လက်တွေ့မညီတဲ့ နိုင်ငံရေး

နိုင်ငံရေးရည်ရွယ်ချက်တွေ ဘယ်လောက်ကောင်းအောင်ပြောနေပြောနေ လုပ်နည်းလုပ်ဟန်မှားယွင်းနေရင် ဒါမှမဟုတ် ဖြစ်လာတဲ့အကျိုးဆက်တွေက အပျက်သဘောဖြစ်နေရင် အပြောနဲ့လက်တွေ့မညီတဲ့ နိုင်ငံရေးပဲ ဖြစ်ပါလိမ့်မယ်။ ဒီကနေ့ဖြစ်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် သေဆုံးကြရတဲ့ အပြစ်မဲ့ပြည်သူတွေဟာ နိုင်ငံရေးရဲ့ ခုတုံးတွေ၊ ဓားစာခံတွေမဟုတ်ပါဘူး။ ဒီမိုကရေစီသဘောနဲ့ဆိုရင် အချုပ်အခြာအာဏာပိုင်ဆိုင်ကြတဲ့ပြည်သူတွေပဲ ဖြစ်ပါတယ်။

ဒီတော့မေးစရာရှိတာက ဒီမိုကရေစီကို လိုလားတယ်ဆိုပြီး ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ထိခိုက်စေတာ၊ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ပျက်စီးနေရင်တော့ ဒါဟာဒီမိုကရေစီကို ခုတုံးလုပ်အသုံးချနေသူတွေပဲ ဖြစ်ပါလိမ့်မယ်။ လူတိုင်းမှာ သူ့ရဲ့ကိုယ်ပိုင်သဘောထား၊ ကိုယ်ပိုင်ဆန္ဒ၊ ကိုယ်ပိုင်အယူအဆတွေဆိုတာ ရှိကြပါတယ်။ လွတ်လပ်စွာ သဘောထားကွဲလွဲခွင့်ကို နားလည်လက်ခံနိုင်မှ ဒီမိုကရေစီရဲ့တန်ဖိုးကို နားလည်သူလို့ ဆိုနိုင်မှာပါ။

ဒါပေမဲ့ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသူတွေ၊ ဒီမိုကရေစီလိုလားသူအချို့က အဖြူမဟုတ်ရင် အမည်း၊ ငါနဲ့မတူ ငါ့ရန်သူလို့ ကိုယ့်စံနှုန်းတွေနဲ့ တိုင်းတာသတ်မှတ်ပြီး သဘောထား မတိုက်ဆိုင်သူမှန်သမျှကို အကြမ်းဖက်တိုက်ခိုက်နေခြင်းဟာ မှန်ကန်တဲ့ တော်လှန်ရေး၊ မှန်ကန်တဲ့ နိုင်ငံရေး အယူအဆနဲ့ လမ်းစဉ်တွေ မဟုတ်ပါဘူး။ ယခင်က ရှိခဲ့ဖူးတဲ့ ဗကပတွေလို အစွန်းရောက်အယူအဆနဲ့ လုပ်ဆောင်မှုတွေကြောင့် ဗကပတွေ နိဂုံးချုပ်ခဲ့ရတာ လက်တွေ့ဖြစ်ခဲ့ဖူးပါတယ်။

အခုလည်း နိုင်ငံရေး ရည်မှန်းချက်အောင်မြင်ဖို့ အကြမ်းဖက်နည်းတစ်ခုပဲ လုပ်တတ်တာဆိုရင်တော့ နိဂုံးချုပ်ဖို့ မဝေးတော့ဘူးလို့ သုံးသပ်နိုင်ပါတယ်။ အကြမ်းဖက်နည်းလမ်းတစ်ခုတည်းသာ နိုင်ငံရေး ရည်မှန်းချက်တွေ အောင်မြင်မယ်လို့ ဘယ်နိုင်ငံရေး သိပ္ပံရှင်ကမှ မပြောကြားခဲ့ဖူးပါဘူး။ စစ်ရေး နည်းလမ်းဆိုတာတောင်မှ ပြဿနာဖြေရှင်းရေး နည်းလမ်းများစွာအနက်က နောက်ဆုံးနည်းလမ်း တစ်ခုသာ ဖြစ်ပါတယ်။ စစ်ရေးနည်းလမ်းဆိုတာ ကလည်း အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက် လုပ်ဆောင်မှုလို့ဆိုလိုတာ မဟုတ်ပါဘူး။

## ပြန်ဆန်းစစ်ဖို့လိုနေ

အခုဆို အကြမ်းဖက်တိုက်ခိုက်မှုတွေလုပ်လို့ ဘယ်လောက်အထိ လူထုကို အကျိုးပြုနိုင်ပြီလဲ၊ လူထုကို ဘယ်လောက်အကာအကွယ်ပေးနိုင်ပြီလဲ၊ နိုင်ငံရေးမျှော်လင့်ချက်တွေ တိုးလာပြီလားဆိုတာ ပြန်ဆန်းစစ်ဖို့လိုနေပါတယ်။ တော်လှန်ရေးအစတုန်းက လူထုကိုပြောခဲ့တဲ့စကားတွေ၊ မက်လုံးတွေ ဘယ်လောက်အထိ အောင်မြင်နေသလဲဆိုတာ လက်တွေ့အဖြေပဲ ဖြစ်ပါတယ်။

အပြောနဲ့အလုပ်၊ ရည်မှန်းချက်နဲ့ ထွက်လာတဲ့ ရလဒ်ဘယ်လောက်အထိ အောင်မြင်သလဲဆိုတာက သက်သေအထိအကျပြလို့ ရနေပါပြီ။ အခု အကြမ်းဖက်တိုက်ခိုက်နေတဲ့ ပစ်မှတ်တွေ၊ ပြည်သူတွေ၊ ကြားနေဝန်ထမ်းတွေကို တိုက်ခိုက်ရင် ဖြစ်လာတဲ့ အကျိုးဆက်က ဆန့်ကျင်ဘက်ရလဒ်ပဲ ဖြစ်လာမှာသေချာပါတယ်။ ဥပမာတစ်ခု ထုတ်ပြရရင် အခြေခံကျောင်းတွေ ပြန်ဖွင့်တော့ ကျောင်းမတက်နဲ့ ကျောင်းထွက်ဆိုပြီး ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေကို လှုံ့ဆော်တိုက်တွန်းခဲ့ကြတာ၊ ဖိအားပေးတာ၊ ခြိမ်းခြောက်ခဲ့ကြတာ မှတ်မိနေကြဦးမှာပါ။ ကိုဗစ်ကာကွယ်ဆေးတွေ ထိုးကြတုန်းကလည်း ကာကွယ်ဆေးမထိုးကြဖို့ ဖိအားပေးခဲ့ကြတာ၊ တိုက်ခိုက်ခဲ့ကြတာ မမေ့လောက်သေးပါဘူး။ ပြောချင်တာက နိုင်ငံရေး ရည်မှန်းချက်နဲ့ မဆိုင်တာတွေကို လုပ်နေတယ်ဆိုတာပါပဲ။ အဲဒီလို လွဲမှားခဲ့လို့လည်း မအောင်မြင်ခဲ့တာ သက်သေပဲ ဖြစ်ပါတယ်။

## အကြမ်းဖက်မှုတွေကို ပံ့ပိုးအသုံးချ

အခုလည်း နိုင်ငံရေးရည်မှန်းချက်နဲ့ မဆိုင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အသုံးချနေကြပြန်ပါပြီ။ အကြမ်းဖက်လုပ်ရပ်တွေနဲ့ အကြမ်းဖက်ဝါဒကို ဘယ်နိုင်ငံ၊ ဘယ်သူမှ လက်မခံပါဘူး။ စစ်ရေးနည်းလမ်းဆိုရင်လည်း စစ်ရေးဆိုင်ရာ လိုက်နာရမယ့် ကျင့်ဝတ်တွေ လိုက်နာကြရမှာပါ။ ဒါပေမဲ့ တစ်ဖက်မှာလည်း မြန်မာနိုင်ငံကို ဝင်ရောက်ခြယ်လှယ်လိုတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေက ဒီလို အကြမ်းဖက်မှုတွေကို ပံ့ပိုးအသုံးချနေကြပါတယ်။ သူတို့နိုင်ငံတွေမှာ အကြမ်းဖက်မှုတွေကို ခါးခါးသီးသီးလက်မခံကြပေမယ့် အခြားနိုင်ငံတွေမှာ အကြမ်းဖက်မှုတွေ တိုးပွားလာအောင်တော့ လှိုက်လှိုက်လှဲလှဲ ကူညီနေကြတယ်။

သူတို့နိုင်ငံတွေမှာ ကျောင်းဝင်းထဲ ပစ်ခတ်မှုဖြစ်ရင်၊ ကျောင်းသား ကျောင်းသူတွေ သေဆုံးမှုဖြစ်ရင် ထိတ်ထိတ်ပျာပျာ ဖြစ်ကြပါတယ်။ ဒါပေမဲ့ သူတို့နိုင်ငံထဲနဲ့ သူတို့နိုင်ငံသား မဟုတ်ဘူးဆိုရင်တော့ ကျောင်းထဲကို ဗုံးချတဲ့သူတွေ၊ အဖွဲ့အစည်းတွေကို ထောက်ပံ့ပေးနေကြပါတယ်။ ဒါက သူတို့သတ်မှတ်ထားတဲ့ ကိုယ်ကျိုးစီးပွားအလိုက် ပြောင်းလဲတတ်တဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားမျှတမှု ဖြစ်မယ်ထင်ပါတယ်။ မြန်မာ့နိုင်ငံရေး အကျပ်အတည်း ပြေလည်ရေးကို လိုလားတယ်လို့ ဖောင်ဖွဲ့ပြောနေပေမယ့် တစ်ဖက်မှာ အကြမ်းဖက်မှုတွေတိုးလာအောင် ထောက်ပံ့ပေးနေကြတာ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် မူဝါဒတွေပဲ ဖြစ်ပါတယ်။

မြန်မာ့နိုင်ငံရေး အကျပ်အတည်း ဖြေရှင်းဖို့အတွက် နည်းလမ်းများစွာရှိပါတယ်။ ဒါပေမဲ့ နောက်ကွယ်ကပံ့ပိုးပေးနေတဲ့ နိုင်ငံတွေ လိုလားတာက မြန်မာ့နိုင်ငံရေးပြဿနာ ပြေလည်ရေး မဟုတ်ပါဘူး။ သူတို့ ကြိုးကိုင်ခြယ်လှယ်လို့ရမယ့် သူတွေ အာဏာရရှိရေးသာ ဖြစ်ပါတယ်။ ဒီအတွက် ပြဿနာပြေလည်စေမယ့် နည်းလမ်းရွေးချယ်တာထက် နိုင်ငံထိခိုက်စေမယ့် အကြမ်းဖက်နည်းလမ်းကို လိုက်နေကြတာဖြစ်ပါတယ်။

## ဖြေရှင်းနည်းမှန်ကန်ဖို့လို

ပြဿနာတစ်ရပ်ဖြေရှင်းဖို့ဆိုတာ ရည်ရွယ်ချက်နဲ့ ဖြေရှင်းနည်းမှန်ကန်ဖို့ လိုပါတယ်။ အထက်မှာ ပြောခဲ့သလို ကျောင်းသား ကျောင်းသူတွေကို အကြမ်းဖက်တိုက်ခိုက်လို့ ပြဿနာပြေလည်ရေးကို ဘယ်လိုအထောက်အကူ ဖြစ်စေနိုင်သလဲဆိုတာ စဉ်းစားကြည့်ရင် အသိသာကြီးပါ။ ဒီလိုမပြေလည်နိုင်မယ့် နည်းလမ်းမှန်းသိနိုင်ပါလျက် တစိုက်မတ်မတ် အသုံးပြုနေတဲ့အတွက် ပြဿနာပြေလည်ရေးဟာ လိုက်လေဝေးလေ ဖြစ်နေဦးမှာပါ။ တစ်ဖက်မှာလည်း ပြဿနာပြေလည်ရေးဆိုတာ အကြောင်းပြချက်သက်သက်ဖြစ်ပြီး အလုံးစုံပျက်စီးရေးက ရည်ရွယ်ချက်အမှန် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

မြန်မာ့နိုင်ငံရေး ပဋိပက္ခတွေ နှစ်ပေါင်းများစွာကြာနေပြီး အခုထိမဖြေရှင်းနိုင်သေးဘူးလို့ ပြောနေကြပေမယ့် စစ်မှန်တဲ့ရည်ရွယ်ချက်၊ ဆန္ဒနဲ့ နည်းလမ်းတွေကိုလည်း ပြန်ဆန်းစစ်ဖို့ လိုပါတယ်။ ကျောက်တုံးကြီးတစ်တုံး ရွှေ့ဖို့အတွက် လူနှစ်ယောက် မျက်နှာချင်းဆိုင် တွန်းကြသလိုပါပဲ။ ဒီလိုနည်းလမ်းနဲ့ကတော့ ဘယ်လောက် အားစိုက်အားစိုက် အချည်းနှီးသာ ဖြစ်ပါလိမ့်မယ်။

ဒီထက် ပိုဆိုးစေတာက ဖြေရှင်းတဲ့ နည်းလမ်းမမှန်တဲ့အပြင် အကျိုးပျက်စီးစေတဲ့ နည်းလမ်းတွေ အသုံးပြုနေခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကတော့ အစွန်းရောက်အယူအဆတွေနဲ့ အကြမ်းဖက်နည်းလမ်းတွေ အသုံးပြုနေခြင်း ဖြစ်ပါတယ်။ ဒီလိုအကြမ်းဖက်နည်းလမ်းတွေနဲ့ အသုံးပြုနေသမျှတော့ မြန်မာ့နိုင်ငံရေးပြဿနာရဲ့အဖြေနဲ့နီးစပ်ဖို့ ခက်ခဲနေဦးမှာပါ။ ။


> **နိုင်ငံရေး ရည်မှန်းချက်အောင်မြင်ဖို့ အကြမ်းဖက်နည်းတစ်ခုပဲ လုပ်တတ်တာဆိုရင်တော့ နိဂုံးချုပ်ဖို့ မဝေးတော့ဘူးလို့ သုံးသပ်နိုင်ပါတယ်။ အကြမ်းဖက်နည်းလမ်းတစ်ခုတည်းသာ နိုင်ငံရေးရည်မှန်းချက်တွေ အောင်မြင်မယ်လို့ ဘယ်နိုင်ငံရေးသိပ္ပံရှင်ကမှ မပြောကြားခဲ့ဖူးပါဘူး။ စစ်ရေးနည်းလမ်းဆိုတာတောင်မှ ပြဿနာဖြေရှင်းရေး နည်းလမ်းများစွာအနက်က နောက်ဆုံးနည်းလမ်းတစ်ခုသာ ဖြစ်ပါတယ်။ စစ်ရေးနည်းလမ်းဆိုတာကလည်း အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ဆောင်မှုလို့ဆိုလိုတာ မဟုတ်ပါဘူး**

# ၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒရုံး၊ စခန်း ၄၁ ခု (ပုံ–၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။


၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း အဆိုပါရုံး၊ စခန်း ၄၁ စခန်း၌ မိုးရွာသွန်းမှုရှိခဲ့၍ မိုးရေနမူနာများရယူကာ pH တန်ဖိုးများကို တိုင်းတာခဲ့ပါသည်။ တိုင်းတာရရှိခဲ့သည့် ၃၈ စခန်းအနက် ၃၁ စခန်းတို့တွင် ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိပြီး ဗန်းမော်၊ ကသာ၊ ပြင်ဦးလွင်၊ ကလေးဝ၊ သံတွဲ၊ ဟသ်ာတနှင့် ထားဝယ်စခန်းများတွင် ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် 5.6 – 6.4 အတွင်းတွင်ရှိပါသဖြင့် ပုံမှန်မိုးရေအဆင့်တွင် ရှိပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း သုံးသပ်ရပါသည်။ (ပုံ–၂)



ပုံ(၁)

ပုံ(၂)၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pHတန်ဖိုးများပြပုံ




၂၀၂၂ ခုနှစ်၊ အောက်တိုဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|---|---|---|
| ၁ | မန္တလေး (ရုံးကြီး) | ၇.၀ | ၁၄ | ကသာ | ၆.၄ | ၂၇ | တောင်ငူ | ၆.၇ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၉ | ၁၅ | ပြင်ဦးလွင် | ၆.၄ | ၂၈ | ပုသိမ် | ၆.၅ |
| ၃ | မြစ်ကြီးနား | ၆.၆ | ၁၆ | ကလေးဝ | ၆.၄ | ၂၉ | မအူပင် | ၆.၉ |
| ၄ | ပူတာအို | ၆.၇ | ၁၇ | ရန်ကုန်(ကမ္ဘာအေး) | ၆.၅ | ၃၀ | ဟသ်ာတ | ၆.၄ |
| ၅ | ဗန်းမော် | ၆.၀ | ၁၈ | မှော်ဘီ | ၇.၀ | ၃၁ | မော်လမြိုင် | ၆.၈ |
| ၆ | လားရှိုး | ၆.၈ | ၁၉ | မကွေး | ၇.၁ | ၃၂ | ရေး | ၆.၅ |
| ၇ | တောင်ကြီး | ၆.၇ | ၂၀ | အောင်လံ | ၆.၅ | ၃၃ | ဘီးလင်း | ၆.၆ |
| ၈ | မိုင်းဆတ် | ၆.၉ | ၂၁ | လှိုင်ကော် | ၆.၈ | ၃၄ | ဘားအံ | ၆.၅ |
| ၉ | ကျိုင်းတုံ | ၆.၆ | ၂၂ | စစ်တွေ | ၆.၈ | ၃၅ | ကော့ကရိတ် | ၆.၇ |
| ၁၀ | စစ်ကိုင်း | ၇.၁ | ၂၃ | ကျောက်ဖြူ | ၆.၆ | ၃၆ | ထားဝယ် | ၆.၃ |
| ၁၁ | ညောင်ဦး | ၇.၀ | ၂၄ | သံတွဲ | ၆.၄ | ၃၇ | မြိတ် | ၆.၇ |
| ၁၂ | မုံရွာ | ၆.၇ | ၂၅ | ပြည် | ၆.၅ | ၃၈ | ကော့သောင်း | ၆.၇ |
| ၁၃ | ပျဉ်းမနား | ၆.၆ | ၂၆ | ပဲခူး | ၆.၅ | | | |

# ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ရွာသွန်းမှုအောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၈ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၉ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၇ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၆၁ ရာခိုင်နှုန်းမှ ၇၂ ရာခိုင်နှုန်းအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်အနောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၃ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂၃ မီလီမီတာမှ ၃၂ မီလီမီတာအတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၃၃ မီလီမီတာ မှ ၄၂ မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၄၃ မီလီမီတာမှ ၅၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း (စိုစွတ်)အခြေအနေနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိခဲ့သည်။

**မိုး/ဇလ**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးစည်းဝေး

**ဟားခါး နိုဝင်ဘာ ၁**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပါဝင်ယှဉ်ပြိုင်**

ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဘော်လီဘော (ကျား/မ)၊ U–18 ဘောလုံး(မ)၊ ဂေါက်သီးရိုက်(ကျား)၊ ပိုက်ကျော်ခြင်း (ကျား)၊ မြန်မာ့သိုင်း (ကျား/မ)၊ U–25 ပြေးခုန်ပစ် (ကျား/မ) စသည့် အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ အားကစားကွင်းများနှင့် အားကစားရုံများတွင် ကျင်းပမည်ဖြစ်ရာ ချင်းပြည်နယ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် လိုအပ်သည့် ကြိုတင်လေ့ကျင့်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေး ဆွေးနွေးတင်ပြကြစေလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီ ဒုတိယဥက္ကဋ္ဌ ချင်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်နှင့် ပြည်နယ် အားကစားနှင့် ကာယပညာကော်မတီအတွင်းရေးမှူး ပြည်နယ်ဦးစီးမှူးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူးတို့က အားကစားပြိုင်ပွဲများသို့ ချင်းပြည်နယ်မှ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသည့် ပြည်နယ်အဆင့် အားကစားနှင့် ကာယပညာကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ဆက်လက်၍ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ထွန်းတောက်**

# ညောင်လေးပင်မြို့နယ်၌ အရန်မီးသတ်လေ့ကျင့်ရေး မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**ညောင်လေးပင် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ယနေ့နံနက် ၉ နာရီခွဲက အရန်မီးသတ်လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၂၂)ဖွင့်ပွဲ အခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးစီးအရာရှိ ဦးကိုကိုဌေးက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်၊ သင်တန်းစည်းကမ်းနှင့် သင်ကြားမည့်ဘာသာရပ်များအား ရှင်းလင်းပြောကြားခဲ့ရာတွင် သင်တန်းသားများအနေဖြင့် မီးမလောင်စေချင်သောစိတ်၊ လောင်တဲ့မီးကို အမြန်ငြိမ်းသတ်လိုသောစိတ်၊ သန္နိ၊ အရန်မခွဲဘဲ ဆောင်ရွက်သွားရန်၊ မီးလောင်မှုဖြစ်ပွားပါက ဆုံးရှုံးမှုတန်ဖိုးများ လျှော့ချနိုင်ရေး မီးသတ်အသိပညာများ ပြည်သူအတွင်းသို့ စိမ့်ဝင်ပျံ့နှံ့ရေး၊ တပ်ဖွဲ့ဝင်များ မီးသတ်စွမ်းရည်ထက်မြက်စေရန်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မီးသတ်ပညာ၊ လက်နက်မဲ့စစ်ရေးပြပညာ၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များကို နည်းပြ ငါးဦးဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်သင်ကြားလျက်ရှိပြီး နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ၂၅ ရက်ကြာ သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်လွင်(ညောင်လေးပင်)**



# ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပစဉ်အတွင်း ဓာတ်အားမပြတ် ဖြန့်ဖြူးပေးနိုင်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပစဉ်အတွင်း တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ စဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့် လျှပ်စစ်သုံးစွဲမှုများ အဆင်ပြေစေရေးတို့အတွက် ဝန်ထမ်းများက စီမံချက်အတိုင်း မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အထူးတာဝန်တစ်ရပ်အနေဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန် လိုကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ကထိန်သင်္ကန်းလှူဒါန်းပွဲ အခမ်းအနားကျင်းပမည့်နေရာနှင့် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးမည့်နေရာများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ် ထိုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ယင်းသို့ စစ်ဆေးစဉ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဇော်မင်းထွန်း၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများက တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားများ စဉ်ဆက်မပြတ်ဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ဝန်အားများဖြင့် စမ်းသပ်တင်ပြကြပြီး အင်ဂျင်နီယာချုပ် (ဓာတ်/ဖြန့်) ဦးမျိုးဝင်းက လုပ်ငန်းစီမံချက်နှင့် တာဝန်ချထားမှုများအား ဖြည့်စွက်တင်ပြမှုများအပေါ် ဒုတိယဝန်ကြီးက နိုင်ငံတော်အဆင့် ကျင်းပမည့် အခမ်းအနားဖြစ်သဖြင့် ကြီးကြပ်သူများက အဖွဲ့များအား စဉ်ဆက်မပြတ် ကွပ်ကဲစစ်ဆေးသွားရန်၊ အဖွဲ့ဝင်များကလည်း အချိတ်အဆက်မိမိဖြင့်ဆောင်ရွက်ကာ လိုအပ်သည်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းအပြောင်းအလဲရှိပါက အမြန်ဆုံး ချိတ်ဆက်ဆောင်ရွက်ရန်၊ ဝန်အားပြည့်ဖြင့် စမ်းသပ်သုံးစွဲ၍ အခြေအနေကို စိစစ်၍ လိုအပ်သည်များ ပြင်ဆင်ကြရန်၊ UPS များ၊ Battery Bank များ၊ Transformer နှင့် Switchgear Control Panel များ၊ အရန်ဓာတ်အားလိုင်းများနှင့် ဒီဇယ်ဓာတ်အားပေးစက်များအား ကြံ့ခိုင်မှုကောင်းမွန်စေရေး အလေးပေးဆောင်ရွက်ရန်၊ ဓာတ်အားဖြန့်ဖြူးမည့်နေရာများတွင် လျှပ်စစ်သုံးစွဲမှုများ အဆင်ပြေစေရေး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးရန်၊ အရန်ပစ္စည်းကိရိယာများအား အမြဲအသင့်ရှိနေစေရန်၊ လုပ်ငန်းခွင်သုံး အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ကြရန်၊ ကိုဗစ်–၁၉ ရောဂါ စည်းကမ်းများအား လိုက်နာလျက် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး အသိ၊ သတိဖြင့် ဆောင်ရွက်သွားကြရန်၊ လုပ်ငန်းများအောင်မြင်စေရေးအတွက် ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းလုပ်ငန်း၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းနှင့် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် တံတားလုပ်ငန်းများကို နိုဝင်ဘာ ၁ ရက်က တာဝန်ရှိသူများ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးကျော်သူကိုကိုသည် တိုက်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်မီမီထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် စပါးကိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအား နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေ သုည ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၀ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းဆောင်ရွက်ပြီးစီးမှု၊ လိပ်မွှော်ခြံကျေးရွာအုပ်စု ဘုရားကြီးစုကျေးရွာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် သက္ကယ်ကျင်းကျေးရွာ သံကူကွန်ကရစ်တံတား ပေ ၃၀ ဆောင်ရွက်ပြီးစီးမှုများအား မြေပြင်ကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အောင်မြင်ပြီးမြောက်ရေး အလေးထားလိုက်နာသွားရန် လမ်းညွှန်မှာကြားကြောင်း သိရသည်။



**ဇင်မင်းထိုက်(ထန်းတပင်)**

# နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုတို့မှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူ

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၂၂ ပညာသင်နှစ် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များအတွက် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့်သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ) တို့မှ ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး အခြေခံပညာသင်တန်း(၈ တန်း၊ ၉ တန်း၊ ၁၀ တန်း) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများအား ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူထားပါကြောင်း၊ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံပြီး ခြောက်ဘာသာ စုစုပေါင်းရမှတ်(၄၂၀)နှင့်အထက်ရရှိသူများ လျှောက်ထားနိုင်ကြောင်း သိရသည်။

လျှောက်လွှာများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၅ ရက် နောက်ဆုံးထား၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန Facebook Page နှင့် Website www.moh.gov.mm နှင့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန Website www.hrh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**သာယာဝတီ နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သွားရောက်ကွင်းဆင်းကြည့်ရှုသည်။



ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စုရှိ ဆင်းသုခမျိုးစေ့ထုတ်စံပြစိုက်ခင်း မိုးစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည့် သုံးဆယ်ဆည်ရေသောက်၊ လက်တံမြောင်းမကြီး၊ ရေပေးမြောင်း လက်တံ(၁)နှင့် ဦးသန်းရေတံခါး ရေသွယ်မြောင်း သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်ရေး ဆောင်ရွက်မည်ဖြစ်၍ ဒေသခံတောင်သူများအတွက် အကျိုးရှိသောလုပ်ငန်းဖြစ်ကာ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မင်းလှမြို့နယ် ကညင်ပင်ကျေးရွာ မြောက်ဘက်ကုန်ထုတ်လမ်း အရှည်ပေ ၃၈၅၀ တည်ဆောက်နေမှုလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လမ်းဘေးရေမြောင်းနှင့် လမ်းသားများ အမာခံရရှိရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို မှာကြားသည်။ ယင်းနောက် မိုးညိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ စုပေါင်း၍ ဒေသကြက်ကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် တိရစ္ဆာန်ရောဂါ ကူးစက်မှုမရှိစေရေး မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးညိုမြို့နယ် ရေကင်းတိုက်နယ်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်လူနာများကို ရင်းရင်းနှီးနှီးအားပေးစကားပြောကြားပြီး လူနာများကို အာဟာရဖြည့်စွက်စာများပေးအပ်ခဲ့ကာ ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ရေကင်းတိုက်နယ်ဆေးရုံသစ်အတွက် ထရန်စဖော်မာနှင့် ဆေးရုံအဝင်လမ်းကွန်ကရစ်ခင်းနိုင်ရေး တာဝန်ရှိသူများကို မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လက်ပံတန်း-မိုးညို-နတ်တလင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အောက်ခံမြေ အမာခံရရှိရေးနှင့် ကျန်ရှိသည့်လမ်းပိုင်းများကို ဘဏ္ဍာနှစ်အလိုက် ထည့်သွင်းတွက်ချက်တင်ပြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နတ်တလင်းမြို့နယ် နွယ်ခွေကျေးရွာရှိ ဥစားဘဲကောင်ရေ ၂၀၀၀ အောင်မြင်စွာမွေးမြူထားရှိမှုကို ကြည့်ရှုအားပေးပြီး ထွက်ရှိလာသည့် ဘဲဥများကို တန်ဖိုးမြှင့်စားသုံးကုန်အဖြစ် ထုတ်လုပ်တင်ပို့နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇလွန်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**ဇလွန် နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီက မိုးစပါးတစ်ဧက တင်း ၁၀၀ နှင့်အထက် ထွက်ရှိရေး ဆင်းသုခမိုးစပါး စံကွက်ရိတ်သိမ်းပွဲကို ယနေ့နံနက် ၉ နာရီတွင် မေရီလန်းကျေးရွာအုပ်စု တောင်သူဦးဝင်းမြင့်ဦး၏ လယ်မြေ ခုနစ်ဧကနှင့် ဒေါ်စန်းမြင့်၏ လယ်မြေ ငါးဧက၌ ကျင်းပသည်။

တောင်သူဦးဝင်းမြင့်ဦး၏ မိုးစပါး တစ်ဧကလျှင် အစို ၁၄၅ ဒသမ ၀၆ တင်း၊ အခြောက် တင်း ၁၃၀၊ တောင်သူ ဒေါ်စန်းမြင့်၏ မိုးစပါး တစ်ဧကလျှင် အခြောက် ၁၁၇ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ဝေယံ(ပြန်/ဆက်)



# အလုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အလုံမြို့နယ် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဌေးကြွယ်က အမှာစကားပြောကြားပြီး အလုံခရိုင်မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးရှိုင်းဝေမိုးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အရန်မီးသတ်ဝတ်စုံများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ စာတွေ့၊ လက်တွေ့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျောင်းစုကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေဂူကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓမ္မနန္ဒီကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မော်ကျွန်းကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ ကျုံစုရွှေရင်အေးကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ပါလျံကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ တန့်ကျည်တောင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မဟာဓမ္မိကာရာမရွှေကျင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စိန်ပန်းကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ခေးနင်းဘူတာကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ ဗဟုသုတရှိရင်ရှိသလောက် သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို သူတို့ဘာသာ အမှား၊ အမှန် ဝေခွဲလာနိုင်မှာဖြစ်တယ်လို့ပဲ ခံယူပါတယ်။ ဒီတော့ ပြည်သူတွေကို ဗဟုသုတရစေမယ့်စာအုပ်တွေ များများရရှိပါစေဆိုတဲ့ စေတနာနဲ့ စာအုပ်တွေရေးဖြစ်ခဲ့တာပါ

Maw Thar Htwe(Mandalay)

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသောစာအုပ်များနှင့် စာရေးဆရာများ၏အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည် –

**တွေ့ဆုံမေးမြန်း-လင်းရာမ၊ နေသစ်ဦး**
**ဓာတ်ပုံ-ကိုထက်၊ ကိုအောင်**

**စာရေးသူအမည်– စိုးတင့်(ရောဝတီ)**
**စာအုပ်အမည်–ဖိုးထောင်ဇာတ်လမ်းစုံ**
**ဘာသာရပ်–စာပဒေသာ**

"ဒီဆုရစာအုပ် ဖြစ်လာဖို့အတွက် ကြိုးစားအားထုတ်မှု၊ ပြင်ဆင်မှုအပိုင်းကို ပြောရရင် ကိုဗစ်–၁၉ ရောဂါဒုတိယလှိုင်းနဲ့ တတိယလှိုင်းမှာ ကျွန်တော်က အငြိမ်းစားဆိုတော့ ရောဂါကပ်ဘေးရှောင်ရင်း ပြင်ဦးလွင်မှာ ၃–၉–၂၀၂၀ ရက်နေ့ကနေ ၁–၁–၂၀၂၁ ရက်နေ့အထိ ကာလအတွင်းမှာ အေးအေးဆေးဆေးအချိန်ယူပြီးတော့ ရေးဖြစ်ခဲ့ပါတယ်။ ကျွန်တော့်မှာ သွားလေရာပါသွားတဲ့ မှတ်တမ်းမှတ်ရာတွေ၊ ကိုယ်တိုင် ဦးစီးထုတ်ဝေခဲ့တဲ့ မဂ္ဂဇင်းတွေ၊ စာစောင်တွေ၊ facebook မှတ်တမ်းတွေ၊ တချို့အရေးကြီးတဲ့ အကြောင်းအရာ အသေးစိတ်အချက်အလက်တွေကိုတော့သက်ဆိုင်သူမိတ်ဆွေတွေ၊ တပည့်တပန်းတွေကို ဖုန်းတွေ၊ အင်တာနက်တွေနဲ့ ချိတ်ဆက်ပြီးတော့ မေးမြန်းရှာဖွေခဲ့ပါတယ်။ ကိုယ့်ဘဝမှတ်တမ်းတွေကိုအခြေခံပြီး ဘဝမှတ်တမ်း၊ ဘဝဇာတ်လမ်းအနေနဲ့ ရေးတာဆိုတော့ စာဖတ်ပရိသတ် မပျင်းရအောင် ခေါင်းစဉ်ခွဲတာတို့၊ အချိန်ကာလခွဲတာတို့လုပ်ပြီး သမီးနဲ့ တူမဖြစ်သူက ကွန်ပျူတာ စာစီစာရိုက်လုပ်ပေးပါတယ်။ ပြီးတော့ နီးစပ်ရာ စာပေမိတ်ဆွေတွေကို အကြမ်းပြ ဝေဖန်သုံးသပ်ခိုင်းပြီး လိုအပ်တာတွေကို အသေးစိတ်ပြင်ဆင်ရေးသားခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။

စာအုပ်ထဲမှာပါဝင်တဲ့ အကြောင်းအရာတွေက ကျွန်တော့်ငယ်ဘဝ၊ တပ်မတော်သားဘဝ၊ နယ်ဘက်ဝန်ထမ်းဘဝနဲ့ လုပ်ငန်းရှင်ဘဝတွေမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေ၊ အဲဒီအခက်အခဲတွေကို ကြောက်မနေဘဲ ရဲရဲဝံ့ဝံ့နဲ့ရင်ဆိုင်ကျော်လွှားဖြေရှင်းပြီး အောင်မြင်မှုရအောင် ဆောင်ရွက်ခဲ့ပုံတွေကို အသေးစိတ်မှတ်တမ်းတင်ဖော်ပြထားပါတယ်။

စာ စတင်ရေးသားဖြစ်ပုံကိုပြောရရင် ကျွန်တော် (၇)တန်း၊ (၈)တန်း ကျောင်းသားဘဝ (၁၉၇၂–၁၉၇၃ ခုနှစ်ဝန်းကျင်) မှာ အတန်းထဲမှာ အဆင့် ၁ မှ ၅ အတွင်း ရရှိသူတွေကို လူရည်ချွန်စာမေးပွဲ ပြုလုပ်တဲ့အခါ အထွေထွေဗဟုသုတတွေရရှိဖို့အတွက် အဲဒီအချိန်က ဖွင့်လှစ်ခဲ့တဲ့ ပြန်ကြားရေး စာကြည့်တိုက်တွေကို သွားရောက်ပြီး စာပေလေ့လာဖတ်ရှုမှတ်သားရင်း စာပေဝါသနာပါခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။ ပထမဆုံးရေးဖြစ်တဲ့ **'အထက်တန်းကျောင်းသားများနှင့် အချစ်ပြဿနာ'** ဆောင်းပါးလေးကို ပြန်ကြားရေးစာကြည့်တိုက် နံရံကပ်စာစောင်မှာ ဖော်ပြခံခဲ့ရပါတယ်။ သုတ၊ ရသစာပေတွေကို အလေးထားရေးသားခဲ့ပြီး တစ်ခါတစ်ရံမှာလည်း ဟာသစာစုလေးတွေ၊ ကဗျာတွေရေးသားဖို့လည်း ဝါသနာပါခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဌာနမှတ်တမ်းတွေကို စွယ်စုံကျမ်းတွေဆီ ပေးပို့မှတ်တမ်းတင်ခြင်း၊ သတင်းစာတွေမှာ ဆောင်းပါးတွေ ရေးသားခြင်း၊ ဌာနနှစ်ပတ်လည်မဂ္ဂဇင်းတွေ ဦးစီးထုတ်ဝေခြင်း၊ ပို့ဆောင်ရေးသတင်းဂျာနယ်မှာ တာဝန်ခံအကြီးအကဲအဖြစ် ဆောင်ရွက်စဉ် ဆောင်းပါးတွေ၊ ဝတ္ထုတိုတွေကို ပင်တိုင်ရေးသားခဲ့ခြင်း၊ ဘဝမှတ်တမ်းတွေ ရေးသားခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ဆောင်းပါး အပုဒ် ၅၀ ကျော်၊ ဝတ္ထုတိုအပုဒ် ၃၀ ကျော်၊ ကဗျာ ၁၀ ပုဒ်ခန့်၊ ဘဝမှတ်တမ်းစာအုပ်သုံးအုပ် ရေးသားခဲ့ပါတယ်။ **'ချစ်သောရောဝတီနှင့် ကျွန်တော့်ဘဝမှတ်တမ်းများ'** စာအုပ်နဲ့ ၂၀၁၆ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ရရှိခဲ့ပါတယ်။ လက်ရှိမှာ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းမှာ ဝတ္ထုတိုဆောင်းပါးတွေ ရေးသားခြင်း၊ စစ်မှုထမ်းဟောင်း ဗဟိုနှစ်ပတ်လည် မဂ္ဂဇင်းမှာရေးသားခြင်း၊ တေဇဘာတိက မဂ္ဂဇင်း၊ အလျဉ်းသင့်သလို တောင်းခံလာတဲ့ မဂ္ဂဇင်းစာအုပ်တွေမှာ ရေးသားပေးလျက်ရှိပါတယ်။ လစဉ်ပြုလုပ်တဲ့ နေပြည်တော် စာပေဝိုင်းမှာလည်း ဦးစီးနာယကတစ်ဦးအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။



စိုးတင့်(ရောဝတီ)

အခုလို ကျွန်တော်ရေးသားတဲ့ **'ဖိုးထောင်ဇာတ်လမ်းစုံ'** စာအုပ်ကို နိုင်ငံတော်နဲ့စာပေစိစစ်ရေး အကဲဖြတ်အဖွဲ့က အမျိုးသားစာပေဆု(စာပဒေသာဆု) ချီးမြှင့်ပေးတဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ နိုင်ငံတော်နဲ့ အမျိုးဘာသာသာသနာပေါ်မှာ ဆက်လက်အကျိုးပြုဖို့ တာဝန်ကြီးသွားပြီလို့လည်း ခံယူပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီ မွန်မြတ်တဲ့ စာပေတာဝန်ကို အထူးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပြီး ထိုက်ထိုက်တန်တန်ဆုချီးမြှင့်ပေးတဲ့ နိုင်ငံတော်နဲ့ အကဲဖြတ် စာပေပညာရှင်ကြီးတွေကို အထူးကျေးဇူးတင်ရှိပါတယ်"။

**စာရေးသူအမည်– Maw Thar Htwe (Mandalay)**
**စာအုပ်အမည် – Global Perspective Views on Energy Electricity**
**ဘာသာရပ်–အင်္ဂလိပ်ဘာသာ(သုတ)**

"၂၀၁၈ ခုနှစ်မှာ **'စွမ်းအင်နဲ့လျှပ်စစ်ကို ကမ္ဘာကြည့်ကြည့်မယ်'** ဆိုတဲ့ စာအုပ်တစ်အုပ်ကို မြန်မာလိုရေးပြီး စာဖတ်ပရိသတ်ကို ကျေးဇူးပြုခဲ့တယ်။ ၂၀၁၈ ခုနှစ်မှာ မြန်မာလို ရေးသားဖြန့်ဝေစဉ်ကတည်းက အဲဒီစာအုပ်ဟာ စာအုပ်စင်တွေပေါ်မှာ Best Seller အဖြစ် အတော်ကြာကြာရပ်တည်နေခဲ့တယ်။ အခုဆိုရင် စတုတ္ထအကြိမ်အထိတောင်ရိုက်ပြီး ဖြန့်ဝေပြီးပါပြီ။ အဲဒီစာအုပ်ဟာ အမျိုးသားစာပေဆုမရခဲ့ပေမယ့် ထွန်းဖောင်ဒေးရှင်း စာပေဆုရကြောင်းတော့ ကြေညာတာတွေ့ခဲ့ရပါတယ်။ အခု အမျိုးသားစာပေဆုရတာဟာ အဲဒီမြန်မာလိုရေးခဲ့တဲ့ စာအုပ်ကို အင်္ဂလိပ်လို ပြန်ဆိုရေးသားခဲ့တဲ့ စာအုပ်နဲ့ရတာဖြစ်ပါတယ်။



Maw Thar Htwe (Mandalay)

အခုလိုမျိုးဆုရရှိတာဟာ ပရိသတ်ရဲ့ဆန္ဒနဲ့ ထပ်တူကျသွားခဲ့ပြီလို့ ယူဆပါတယ်။ ဒါဟာ ကျွန်တော့်အတွက်တော့ အမျိုးသားစာပေဆု ပထမဆုံးရတဲ့ စာအုပ်ပါပဲ။ နိုင်ငံဟာ လျှပ်စစ်ကဏ္ဍမှာ အတော်ကိုပဲ အကျပ်အတည်းနဲ့ ကြုံနေရပါတယ်။ အရင်ခေတ်တွေတုန်းကတော့ နိုင်ငံမှာငွေမရှိလို့ မလုပ်နိုင်ခဲ့တာတွေကြောင့် အားနည်းခဲ့တာပါ။ နောက်ပိုင်းစနစ်ပြောင်းသွားတဲ့အချိန်မှာ ပြည်သူကို ဗဟုသုတပေးဖို့ အများကြီးလိုနေသေးပါလားလို့ မြင်လာတယ်။ အရာရာမှာ ပြည်သူ့အခန်းကဏ္ဍက ရှေ့ရောက်လာတာကိုး။ ပြည်သူ ဗဟုသုတရှိရင်ရှိသလောက် သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို သူတို့ဘာသာ အမှား၊ အမှန် ဝေခွဲလာနိုင်မှာဖြစ်တယ်လို့ပဲ ခံယူပါတယ်။ ဒီတော့ ပြည်သူတွေကို ဗဟုသုတရစေမယ့်စာအုပ်တွေ များများရရှိပါစေဆိုတဲ့ စေတနာနဲ့ စာအုပ်တွေ ရေးဖြစ်ခဲ့တာပါ။

ဒီနေ့ နိုင်ငံတော်တာဝန်ရှိသူတွေဟာ ကဏ္ဍစုံမှာ ထူးချွန်ခဲ့သူ၊ ပြည်သူ့အကျိုးအားတက်သရော ဆောင်ရွက်ခဲ့သူတွေကို ပိုမိုအားပေးပံ့ပိုးနေတယ်ဆိုတာ သမိုင်းပြန်ကြည့်ရင် အသိသာကြီးပါ။ ဒီထဲမှာ စာပေဆုလည်းပါတယ်။ ခေတ်အဆက်ဆက် စာပေဆုရခဲ့တဲ့အထဲမှာ အမျိုးသားစာပေဆုရ ခုနစ်ကြိမ်ရသူရှိတယ်။ သိပ်အားကျတယ်။ အခု စာတွေရေးနေတယ်ဆိုတာက ဆုရအောင်ရေးတာတော့ မဟုတ်ပါဘူး။ ဆုရပြီလို့ TV သတင်းမှာ ကြားလိုက်တဲ့အချိန်မှာတော့ ကိုယ် အားထုတ်ရေးသားခဲ့တဲ့စာအုပ် မြန်မာလိုရေးတုန်းက အမျိုးသားစာပေဆုမရခဲ့ပေမယ့် အခု အင်္ဂလိပ်လို ဘာသာပြန်ရေးခဲ့တော့ ဆုရပြီ၊ စာဖတ်ပရိသတ်ကြီးလည်း ပျော်ပြီဆိုတဲ့ပီတိစိတ်ဟာ နှလုံးသားထဲ နက်နက်ရှိုင်းရှိုင်းကို ရောက်လာခဲ့တယ်။ ဒီစာအုပ်ကို မြန်မာလိုရေးခဲ့တုန်းက စာဖတ်ပရိသတ်များလို့ ပီတိဖြစ်ခဲ့ဖူးတယ်။ အခု အဲဒီစာအုပ်ကို ဘာသာပြန်ပြီး ထုတ်လိုက်တော့ စာပေဆုရလာတဲ့အချိန်မှာ ပီတိဟာ အမြင့်ဆုံးကိုရောက်သွားတော့တာပဲ။ စာဖတ်ပရိသတ်ရဲ့ကျေးဇူး၊ နိုင်ငံတော်ရဲ့ကျေးဇူး၊ စာပေစိစစ်ရေးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေရဲ့ ကျေးဇူးတွေပါလားလို့လည်း ခံစားမိတယ်။ စာရေးသူတိုင်းလိုချင်တဲ့ နိုင်ငံတော်ကပေးတဲ့ဆုကို ရတော့ပျော်တာပေါ့ဗျာ။



အကြီးကိုကို(ကသာ)

၂၀၁၆ ခုနှစ် ပင်စင်ရပြီးကတည်းက ရေးသားထုတ်ဝေခဲ့တာ စာအုပ် ခုနစ်အုပ်ရှိပါပြီ။ ဒီထဲမှာ အခုစာပေဆုရတဲ့ အင်္ဂလိပ်လိုရေးတဲ့စာအုပ်ရယ်၊ မြန်မာလိုရေးခဲ့တဲ့ **'ရေချိုကို တန်ဖိုးထား ကမ္ဘာကြီးကို စောင့်ရှောက်'**ဆိုတဲ့စာအုပ်ကို Save The Drop, Save The World ဆိုပြီး အင်္ဂလိပ်လို ဘာသာပြန်ပြီးရေးတဲ့စာအုပ်ရယ် နှစ်အုပ်ပါပါတယ်။ Save The Drop, Save The World စာအုပ်ဟာ အခုဆုပေးပွဲနေ့နဲ့ တိုက်တိုက်ဆိုင်ဆိုင် ပြည်သူတွေရဲ့လက်ထဲကို စပြီးထည့်မယ့်စာအုပ်ပါ။ နောက်ထပ်လည်း နိုင်ငံအကျိုးပြုစာတစ်အုပ် ထပ်ရေးနေပါတယ်။ နောက်နှစ် ဒီလိုအချိန်ဆိုရင် ပြည်သူတွေ ဖတ်ကြရဦးမှာပါ။ အဲဒါဆိုရင်တော့ ရှစ်အုပ်မြောက်စာအုပ်ဖြစ်မှာပေါ့။

စာပေမြင့်မှ လူမျိုးတင့်မယ်ဆိုသလို စာဖတ်ပရိသတ်ကို သူ့ဘာသာသူ အကောင်းအဆိုး ဝေဖန်ဆုံးဖြတ်နိုင်စေမယ့် စာအုပ်မျိုးတွေ ကျွန်တော်တို့နိုင်ငံမှာ များများလိုနေတာ။ တစ်ဖက်စောင်း အတွေးအခေါ်တွေနဲ့ ကိုယ်ဖြစ်စေချင်တာဖြစ်စေဖို့၊ ရည်ရွယ်ချက်ရှိရှိ မှိုင်းတိုက်နေတဲ့ စာအုပ်မျိုးမဖြစ်စေဖို့ မိမိကိုယ်မိမိ အမြဲဆုံးမပါတယ်။ အဓိက စာရေးခြင်းရဲ့ ရည်ရွယ်ချက်က နိုင်ငံနဲ့ပြည်သူအတွက် လက်တွေ့ ဘယ်နေရာကနေ ပံ့ပိုးနိုင်မလဲ။ နိုင်ငံဖွံ့ဖြိုးရေးမှာ ဘယ်အကြောင်းအရာတွေဟာ နောက်ပြန်ဆွဲချနေတာလဲ။ ဘာတွေလုပ်ရင် အောင်မြင်မှုအရှိန်ပိုရလာမလဲ။ ကမ္ဘာမှာ ဘာတွေလုပ်နေသလဲ။ မိမိတို့နိုင်ငံ ဘာတွေလုပ်နေသလဲ။ ကမ္ဘာကြီးက ဘယ်ကိုဦးတည်လျှောက်လှမ်းနေသလဲ။ မိမိတို့ကရော ဘယ်လိုပန်းတိုင်ကို ရည်မှန်းပြီး လျှောက်ချင်တာလဲ။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ခံယူချက်တွေရှိတဲ့ ပြည်သူတွေ ဖြစ်လာစေချင်တာပါပဲ။ စာဖတ်ပရိသတ်ရဲ့မေတ္တာ၊ နိုင်ငံတော်ရဲ့ စာပေအပေါ် အလေးအနက်ထားမှု၊ စာပေစိစစ်ရေးအဖွဲ့ရဲ့ စနစ်တကျ ရွေးချယ်ပေးမှု၊ မိဘ၊ အစ်ကို၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးနဲ့ စာဖတ်ပရိသတ်တို့ရဲ့ ကျေးဇူးတွေ ပေါင်းစုမိလို့သာ ဒီဆုကိုရတာပါ။ ဒီအတွက် ဝမ်းသာမှုရော၊ ကျေးဇူးတင်မှုရော ရင်နဲ့အပြည့်ပါလို့ ပြောလိုပါတယ်"။

**စာရေးသူအမည်– အကြီးကိုကို(ကသာ)**
**စာအုပ်အမည်–လူငယ် ၁၀၀ မေးခွန်း ၁၀၀ အဖြေ ၁၀၀**
**ဘာသာရပ်–လူငယ်စာပေ**

"ကိုဗစ်ရောဂါကပ်ဆိုးကြီးကြောင့် တစ်ကမ္ဘာလုံးက သေခြင်းတရားအတွက် အထိတ်တလန့် ဖြစ်နေကြချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ကျွန်တော်အပါအဝင် လူတိုင်းလိုလို ဆောက်တည်ရာမရ ထိတ်လန့်ကြောက်ရွံ့နေကြပါတယ်။ လူတွေ အဲဒီလို ဆောက်တည်ရာမရဖြစ်နေတဲ့ အပူတွေကို ကျွန်တော် ဘယ်လိုလုပ်ပြီး ငြိမ်းပေးရမလဲလို့ တွေးမိတယ်။ အဲဒီအတွေးကြောင့် အွန်လိုင်းပေါ်ကနေ လူငယ်တွေနဲ့ အမေးအဖြေစကားဝိုင်းတွေ လုပ်ဖြစ်ပါတယ်။ ကျွန်တော်စကားဝိုင်းလုပ်နေတဲ့ အချိန်မှာ ကျွန်တော်ရော လူငယ်တွေပါ သေခြင်းတရားကို မေ့ထားနိုင်ခဲ့ပါတယ်။ လူငယ်စကားဝိုင်းကိုလည်း အကြိမ် ၁၀၀ ကျော်လုပ်ပေးနိုင်ခဲ့ပါတယ်။ အဲဒီ စကားဝိုင်းပေါင်းအကြိမ် ၁၀၀ ကျော်ထဲကနေ အကြိုက်ဆုံးမေးခွန်းတွေကို ရွေးထုတ်ပြီး **'လူငယ် ၁၀၀ မေးခွန်း ၁၀၀ အဖြေ ၁၀၀'** ဆိုတဲ့စာအုပ် ဖြစ်ပေါ်လာတာပါ။ ကိုဗစ်–၁၉ ရောဂါကြောင့် စာအုပ်ဖြစ်မြောက်ဖို့ နှစ်နှစ်နီးပါး ကြာမြင့်ခဲ့ပါတယ်။ ဒါကြောင့် ဒီစာအုပ်ဟာ ကျွန်တော့်ရဲ့ လူငယ်တွေအပေါ်ထားတဲ့ စေတနာတရားကြောင့်ဖြစ်လာတဲ့စာအုပ်လို့ ပြောရမယ် ထင်ပါတယ်ခင်ဗျ။

စာ စတင်ရေးသားဖြစ်ခဲ့တာကတော့ ကျွန်တော် ကျန်းမာရေးမကောင်းလို့ သေရတော့မယ်၊ မနေရတော့ဘူးလို့ ထင်တဲ့အချိန်မှာ သုံးနှစ်သားအရွယ်သာရှိသေးတဲ့ ကျွန်တော့်သား နွေအေးအောင် အသက်ကြီးလာတဲ့အခါမှာ ဖတ်ဖို့ ကျွန်တော်ပြောချင်တဲ့ ဆုံးမစကားတွေကို ဗလာစာအုပ်တစ်အုပ်မှာ ချရေးခဲ့ပါတယ်။ အဲဒီစာတွေကို တော်တော်နဲ့ မထုတ်နိုင်ခဲ့ပါဘူး။ ဒီလိုနဲ့ သမီးလေး အိန္ဒြေဖြူစင်အောင်ကိုပါ ထပ်ပြီးမွေးလာတဲ့အခါ သားကို ဆုံးမချင်ရုံတွင်မကဘဲ သမီးလေးကိုပါ ဆုံးမချင်တဲ့အတွက် **'သားနဲ့သမီးဖတ်ဖို့စာ'** ဆိုတဲ့စာအုပ်ကို စတင်ရေးသားထုတ်ဖြစ်ခဲ့တာပါ။

**စာမျက်နှာ ၁၁ သို့** ○

# အခြေခံစက်ချုပ်ပညာရပ်များမှတစ်ဆင့် လုပ်ငန်းခွင်ဝင်နိုင်သည့်အဆင့်ဖြစ်အောင် လေ့ကျင့်ကြိုးစားသင်ယူ

**စစ်တွေ နိုဝင်ဘာ ၁**

ယခုကဲ့သို့ လူမှုစီးပွားဘဝ အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်ပေးခြင်းသည် လူငယ်များ အနေဖြင့် ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်ပြီး ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်မြင်ကြစေရန် ရည်ရွယ်ချက်ကောင်းများဖြင့် အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ သင်တန်းတွင် စာတွေ့ လက်တွေ့သင်ကြားပေးသည့် အခြေခံသင်ခန်းစာများကိုစိတ်ဝင်စားစွာ လေ့လာသင်ယူပြီး တတ်မြောက်လာသော အခြေခံစက်ချုပ်ပညာရပ်များမှတစ်ဆင့် လုပ်ငန်းခွင်ဝင်နိုင်သည့်အဆင့်ဖြစ်အောင် လေ့ကျင့်ကြိုးစားသင်ယူကြရန်လိုကြောင်း ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ပြောကြားသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းတို့ ပူးပေါင်း၍ ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီမှ ဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ ရခိုင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်ကြွယ်က အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိပြီး အစိုးရနည်းပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများက စာတွေ့လက်တွေ့ တစ်လကြာသင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါင်းတည်မြို့နယ်၌ ရပ်ရွာအခြေပြု လူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်လှစ်

**ပေါင်းတည် နိုဝင်ဘာ ၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



သင်တန်းတွင် ပေါင်းတည်မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသန့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမှတ်(၂၀) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ပြည်)မှ ရဲအုပ်ထွန်းညွှန့်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် (၄၁/၂၀၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေသစ်ကို တင်ပြဆွေးနွေးခြင်း၊ လူကုန်ကူးမှုစိစစ်ဖော်ထုတ်ရေးအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ လူကုန်ကူးမှုစိစစ်သတ်မှတ်ချက်ပုံစံများအား ဖြည့်သွင်းနိုင်ရေး၊ လိင်အမြတ်ထုတ်ခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများ ဖြစ်ပွားမှုမရှိစေရေးအတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ ရပ်ရွာအခြေပြု လူကုန်ကူးခံရသူတွင် ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံခြင်းနှင့် မြို့နယ်အတွင်းရှိ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံခြင်း၊ လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူး ဖြစ်ပွားရခြင်း အကြောင်းအရင်း၊ လူကုန်ကူးမှုဖြစ်စေနိုင်သည့် အကြောင်းအရာများကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရပ်ရွာအခြေပြုလူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ဝင်များ ဖြစ်သည့် မြို့နယ်အတွင်းရှိ သင်တန်းသား သင်တန်းသူ ၇၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**ဝေလ**



ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းရည်မြှင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်က အထက(၆)ဗိုလ်တထောင်ကျောင်းရှိ အောင်ကျော်ခန်းမ၌ ဦးဆောင်ဆွေးနွေးသူ သုံးဦးနှင့် သင်တန်းတက်ရောက်သူ ၅၉ ဦးဖြင့် ကျင်းပစဉ်။

**ကြေးမုံ**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်



**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ဖွဲ့စည်းထားသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် မီးသတ်ပစ္စည်းကိရိယာများနှင့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းကိရိယာများကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်နှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ် (၁/၂၀၂၂)ကို ယနေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

**ပြောကြား**

အဆိုပါအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးနေဝင်းအောင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကံပိုက မီးသတ်ဦးစီးဌာနသည် ရည်မှန်းချက်တာဝန် လေးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနည်းတူ အရန်မီးသတ်တပ်ဖွဲ့ဝင်များကလည်း မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် စနစ်တကျထိထိရောက်ရောက် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ပါဝင်ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကာ သင်တန်းကာလမှာနိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး စာတွေ့၊ လက်တွေ့ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးမဥ္ဇူ(ပြန်/ဆက်)**

**○ စာမျက်နှာ ၁၀ မှ**

ကျွန်တော်ရေးသားတဲ့ စာပေအမျိုးအစားကတော့ 'ယနေ့လူငယ်တွေကောင်းမှ နောင်အနာဂတ်တိုင်းပြည်ကောင်းမယ်'လို့ ခံယူတဲ့အတွက် လူငယ်တွေကို အဓိကပညာပေး၊ အတွေးအခေါ်မြင့်မားစေတဲ့ စာမျိုးတွေ အများဆုံးရေးသားဖြစ်ပါတယ်။ အခုချိန်ထိ တစ်ယောက်တည်းရေးသားပြီးတဲ့စာအုပ် ၁၅ အုပ်ပါ။ ဆရာကြီးဆောင်းဝင်းလတ်နဲ့အတွဲ နှစ်အုပ်ရောဆိုရင် စုစုပေါင်း စာအုပ် ၁၇ အုပ်ပါ။ စာပေဆုတွေအနေနဲ့ကတော့ ၂၀၁၇ ခုနှစ် ဇန်နဝါရီလထုတ် **သားနဲ့သမီးဖတ်ဖို့စာ** စာအုပ်ဖြင့် ပခုက္ကူဦးအုံးဖေဆု၊ ၂၀၂၁ ခုနှစ် ဇူလိုင်လထုတ် **ပြိုပျက်ခဲ့သောသက္ကရာဇ်များ (မြန်မာ+အင်္ဂလိပ်)**စာအုပ်ဖြင့် မဲခေါင်စာပေဆု (လာအိုနိုင်ငံ)၊ ၂၀၂၁ ခုနှစ်ထုတ် ဒီဇင်ဘာလထုတ် **'လူငယ် ၁၀၀ မေးခွန်း ၁၀၀ အဖြေ ၁၀၀'** အမျိုးသားစာပေဆု (လူငယ်စာပေဆု)တို့ ရရှိခဲ့ပါတယ်။ ဆက်လက်ပြီး လူငယ်တွေအတွက် အမုန်းတရားမပါတဲ့ စာပေဟောပြောပွဲတွေ၊ လူငယ်စကားဝိုင်းတွေ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး အကြီးကိုကို စာကြည့်တိုက်တွေကိုလည်း နိုင်ငံအနှံ့အပြား ဆက်လက်ဖွင့်လှစ်ပေးဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။

အမျိုးသားစာပေဆုဆိုတာ ရုပ်ရှင်လောကအနေနဲ့ပြောရင် အကယ်ဒမီပါပဲ။ ဒါကြောင့် အမျိုးသားစာပေဆု ရရှိတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်။ ယနေ့ခေတ်စာပေလောကအပေါ် ကျွန်တော့်အမြင်ပြောရမယ်ဆိုရင် လူကြီးတွေရော၊ လူငယ်တွေပါ စာပေအပေါ်အာရုံစိုက်မှုအလွန့်အလွန်ကို နည်းပါးလွန်းနေတယ်လို့ ပြောချင်ပါတယ်။ လူငယ်တွေကို စာပေနဲ့ပတ်သက်ပြီး ပြောချင်တာကတော့ စာပေထဲမှာ အမှန်တရားတွေ ရှိတယ်။ စာပေဟာ အမှန်နဲ့အမှားကို ခွဲခြားပေးတယ်။ အကြောင်းအကျိုး အကောင်းအဆိုးကို သိမြင်လာတယ်။ ဆောင်ရန်၊ ရှောင်ရန်တွေကို အလိုလို သိတတ်လာတယ်။ ဒါကြောင့် ဘဝအတွက် အမှန်တရားတွေကို စာပေထဲမှာ ရှာဖွေပါ။ အမုန်းတရားမပါတဲ့စာတွေကို များများဖတ်ပြီး ကမ္ဘာကို ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြပါလို့ မှာချင်ပါတယ်"

ဆရာအကြီးကိုကို (ကသာ)အား ၁၉၆၂ ခုနှစ်တွင် (အဘ)ကျောင်းဆရာဦးအောင်ခင်- (အမိ)ဒေါ်ကြင်နုတို့က စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အင်းရွာကျေးရွာတွင်မွေးဖွားခဲ့သည်။ အမည်ရင်းမှာ ဦးဇော်ဝင်းအောင်ဖြစ်ပြီးမြန်မာစာဘွဲ့ရရှိခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် မြန်မာနိုင်ငံအနှံ့အပြား၌ အကြီးကိုကို စာကြည့်တိုက်များ ထူထောင်ခဲ့သဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့က **လူမှုထူးချွန်ဒုတိယအဆင့်**ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ လက်ရှိအချိန်တွင် ကချင်ပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်း၌ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေပြီး"သော့ခတ်ထားတဲ့ စာကြည့်တိုက်တံခါးတွေအမြန်ဖွင့်"ဟူသည့်ဆောင်ပုဒ်အတိုင်း စာပေဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲများကို ပြုလုပ်နေပြီး မိသားစုနှင့်အတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ နေထိုင်၍ အကြီးကိုကို စာကြည့်တိုက်များကိုနိုင်ငံအနှံ့အပြားတွင် တည်ထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၇၅၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၁ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၈၁)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၈၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၂၁,၁၈၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၁,၇၉၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄၂) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၅,၈၇၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁)ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၃) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၃၇၄၇၂၁ | ၉၆၉၃၇၇၄၃ | ၁၀၉၅၃၁၅ |
| ၂။ | အိန္ဒိယ | ၄၄၆၅၄၆၃၈ | ၄၄၁၀၇၉၄၃ | ၅၂၉၀၇၇ |
| ၃။ | ပြင်သစ် | ၃၆၈၁၃၃၈၅ | ၃၅၈၁၃၃၈၅ | ၁၅၆၉၉၄ |
| ၄။ | ဂျာမနီ | ၃၅၆၁၉၆၈၇ | ၃၃၉၉၉၅၀၀ | ၁၅၃၆၉၄ |
| ၅။ | ဘရာဇီး | ၃၄၈၇၀၃၉၄ | ၃၄၀၅၁၈၁၁ | ၆၈၈၂၀၅ |
| ၆။ | တောင်ကိုရီးယား | ၂၅၆၁၅၆၆၇ | ၂၅၀၄၇၀၆၃ | ၂၉၂၀၉ |
| ၇။ | ဗြိတိန် | ၂၃၈၉၈၄၈၉ | ၂၃၅၃၉၉၂၈ | ၁၉၃၆၇၃ |
| ၈။ | အီတလီ | ၂၃၅၃၁၀၂၃ | ၂၂၈၈၄၇၁၇ | ၁၇၉၁၀၁ |
| ၉။ | ဂျပန် | ၂၂၃၆၀၈၇၂ | ၂၀၄၉၉၄၅၇ | ၄၆၇၁၁ |
| ၁၀။ | ရုရှား | ၂၁၄၃၄၇၅၈ | ၂၀၈၁၂၅၀၅ | ၃၉၀၂၄၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၁၅၀၃၃၃၄ | ၁၀၆၀၃၅၉၈ | ၄၃၁၆၄ |
| ၂။ | အင်ဒိုနီးရှား | ၆၄၉၃၀၇၉ | ၆၃၀၉၇၉၀ | ၁၅၈၆၃၁ |
| ၃။ | မလေးရှား | ၄၉၀၂၉၆၄ | ၄၈၃၅၀၅၃ | ၃၆၄၇၅ |
| ၄။ | ထိုင်း | ၄၆၉၂၄၄၈ | ၄၆၄၉၅၀၉ | ၃၂၉၅၅ |
| ၅။ | ဖိလစ်ပိုင် | ၄၀၀၅၁၅၇ | ၃၉၂၁၇၀၈ | ၆၄၁၀၉ |
| ၆။ | စင်ကာပူ | ၂၁၀၂၃၇၂ | ၂၀၁၈၅၃၆ | ၁၆၈၀ |
| ၇။ | မြန်မာ | ၆၃၁၇၉၇ | ၆၀၅၈၇၃ | ၁၉၄၈၃ |
| ၈။ | ဘရူနိုင်း | ၂၃၇၆၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| ၉။ | လာအို | ၂၁၆၂၄၃ | ၂၀၈၃၄၄ | ၇၅၈ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၇၉၉၂ | ၁၃၄၉၂၈ | ၃၀၅၆ |

## လက်ပံတန်း၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

လက်ပံတန်း နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မင်းရပ်ရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ရွှေအင်ကြင်းခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသက် ၅နှစ်မှ ၁၂နှစ်အတွင်း ကျောင်းသား ကျောင်းသူ ၅၀ အား ကျန်းမာရေးဆရာမများမှ ထိုးနှံပေးသည်။

အဆိုပါ ကိုဗစ်ကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာတင်ဇော်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စန်းမြင့်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးမွှာဦးနှင့် ဆရာ ဆရာမများမှ ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

အောင်ဆင့်



## ပုသိမ်မြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ

ပုသိမ် နိုဝင်ဘာ ၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ဈေးများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်သရုပ်ပြခြင်းကို အောက်တိုဘာ ၃၀ ရက်က ရွှေပြည်သာဈေးနှင့် မြို့မဈေးကြားရှိ ဈေးချောင်းလမ်းတွင် ဆောင်ရွက်ခဲ့ကြသည်။

ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးပြည့်ဖြိုးလှိုင်က မီးလောင်မှုဖြစ်ပွားနိုင်သည့်အချက်များ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် မီးသတ်ဆေးဘူး သုံးစွဲပုံအဆင့်ဆင့်အား ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြခြင်း၊ ဈေးသူ ဈေးသားများမှ လက်တွေ့ဆောင်ရွက်ခြင်း၊ မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်သရုပ်ပြခြင်း၊ ရွှေပြည်သာဈေးရှိ ရေဂါလန် ၁၂၀၀၀ရှိ ဈေးမီးသတ်ရေကန်အတွင်းမှ ရေကိုစုပ်ယူ၍ မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်ပြင်တွင် ထိခိုက်



ဒဏ်ရာရသူများအား မီးသတ်ဦးစီးဌာန ရှာဖွေကယ်ဆယ်ရေးအဖွဲ့မှ ကယ်ဆယ်လာသည့် လူနာအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ရှေးဦးသူနာပြုစုခြင်း ကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြဆောင်ရွက် ခြင်းများ ပြုလုပ်ခဲ့ကြသည်။

သရုပ်ပြပွဲသို့ တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ အဖွဲ့ဝင် (၂) ဦးစိုးပိုင်၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူ ဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြင့်ဟန်(ပြန်/ဆက်)

# တရားမဝင်သစ်မျိုးစုံ၊ တိရစ္ဆာန်အစာ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ကျောက်စိမ်းအချောထည်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်အား ဖမ်းဆီးရမိစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ တာဝန်ကျအကောက်ခွန် စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကုန်သေတ္တာတစ်ခုအတွင်းတွင် သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် Aluminium Materials အပါအဝင် ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**သိမ်းဆည်းရမိ**

ထို့ပြင် အောက်တိုဘာ ၃၀ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တပ်မတော်နှင့် ဗန်းမော်မြို့နယ်အကောက်ခွန် ဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဗန်းမော်မြို့အထွက် (၅)မိုင် စီအင်လုံခြုံရေးဂိတ်တွင် ယာဉ်နှစ်စီးပေါ်၌ တရားမဝင် သယ်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသည့် အရွယ်စုံ လက်ကောက်ကွင်းများနှင့် ပုတီးစေ့များ ၃၉၇ ဒသမ ၃ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၅၆၈၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်ခရိုင် သာပေါင်းမြို့နယ်အတွင်း တရားမဝင်သစ်မျိုးစုံ ၂ ဒသမ ၇၆၃၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၄၃၁) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင်ဦးဆောင်သော ပူးပေါင်းအဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ခရီးသည်ဝန်စည်များအား ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အလှကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၇၂၇၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် နိုဝင်ဘာ ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တိရစ္ဆာန်အစာ အိတ် ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် Spray Paint ဗာ ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng အမျိုးအစား Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၂၁၉၂၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ရဲနွယ်ကြိုးဝိုင်းအတွင်း တရားမဝင်သစ်မျိုးစုံ ၅ ဒသမ ၃၁၃၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၇၁၁၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ၂၈ ရက်၊ ၃၀ ရက်၊ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၃၀၉၂၄၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများကို သဇင် FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"KKO ခွဲထွက်အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လူနေရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခဲ့"** ခေါင်းစဉ်ဖြင့် ၄-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား PDF များမှ Drop Bomb များဖြင့် ဖြုတ်ချဖောက်ခွဲ တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၁၁-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဝဋ္ဋသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ပထမပိုင်း)
- ၀၉:၁၅ စိုက်ပျိုးရေးရာအဖြေရှာ "မျိုးကောင်းမျိုးသန့် စိုက်ပျိုးအထွက်တိုးမယ့်ရွှေနေကြာ"
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၃၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း"(အပိုင်း-၂၅)
- ၁၃:၁၀ သီချင်းကြိုးပဒေသာ
- ၁၃:၂၀ စိတ်အပန်းပြေဖွယ်နောင်ချိုတိမ်ပင်လယ်
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း- ၂၃+၂၄)
- ၁၅:၃၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား"
- ၁၆:၅၀ "တို့ဝလေ့တို့သဘာဝ"
- ၁၇:၁၅ "ခေတ်အလိုက်ကြေးမုံပြင်"
- ၁၇:၃၀ "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ" (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ဒုတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ (၃၈)ဗြာမင်္ဂလာ "ပတိရူပဒေသဝါသော စ" (သင့်တင့်လျောက်ပတ်သောအရပ်၌နေရခြင်း)
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း"(အပိုင်း-၃၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၂၀ နိပါတ်တော်လာဇာတ်သဘင်မဟာ "ဥမ္မာဒန္တီ"(ဒုတိယပိုင်း)

**mitv**

- 07:02 Evergreen Classic: Migadawon (Tekkatho Lei Lei)
- 07:10 Myanmar Puppeteers (Duet Dance)
- 07:21 A Glance At A Naga Family Life
- 07:39 Tazaungmone
- 08:01 News
- 08:26 Living Myanmar Glazed Ceramics
- 08:43 A Visit to San-Taw-Shin Kyike-Hti-Yo Pagoda
- 09:01 Pride of Myanmar - Bagan arts and handicrafts
- 09:16 Taking an Oath for Life
- 09:28 Those Who Never Give Up (Ep-6) In Pursuit of a dream
- 10:01 News
- 10:26 Topical Topics
- 10:35 Kambawzathardi Golden Palace - A Treasured Legacy Of Golden Days
- 10:50 Black Gold (Part-2)

**MRTV NRC**

- **အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)** ကရင်ရိုးရာအထည်ဆိုင်မှ နန်းအဲလိန်းအင်တာဗျူး
- **ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)** နွားနောက်မြီးစွပ်ပြုတ်
- **ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)** လေ့ခွင်းတောင်(အပိုင်း-၁)
- **မွန် (၀၉:၀၀ မှ ၁၁:၀၀)** မော်လမြိုင်မြို့ရဲ့အထင်ကရနေရာများ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ပုဇွန်တက်နဲ့ဟင်းခပေါင်းသီးကြော်
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** တံငါသည်ဘဝအကြောင်း
- **ဝ (၁၅:၀၀ မှ ၁၇:၀၀)** ကြက်သွန်ဖြူနှင့်ကျန်းမာရေး
- **ကချင် (၁၇:၀၀ မှ ၁၉:၀၀)** လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး
- **ကယား (၁၉:၀၀ မှ ၂၁:၀၀)** ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း
- **စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)** သစ်ပင်ပေါ်မှာငွေရှိသည်
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဒါဏ်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်းအပိုင်း-၇
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင်(အပိုင်း-၇)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၆:၅၀ ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
- ၀၇:၀၀ စက်မှုလယ်ယာစွမ်းအားနိုင်ငံ့အား
- ၀၇:၂၅ စိုက်ပျိုးရေးကဏ္ဍအားထားရာစပါးနှင့် ဝန်လျှော့သုတေသနပါ
- ၀၈:၂၀ ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ (အာလူးကြော်ပြုလုပ်ပုံ)
- ၀၈:၅၀ ဘက်စုံအဆင့်မြင့်ကျေးရွာများထူထောင်ပေး တောင်သူဘဝတိုးတက်သာယာရေး
- ၀၉:၄၅ ဆန်းသစ်လုပနေသောကျေးရွာများနှင့်ကလော

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# တောင်ကလေးတိုးချဲ့ကွက်သစ်အား မြို့အင်္ဂါရပ်များနှင့်အညီ စနစ်တကျ ဖော်ဆောင်နိုင်ရေး ကြည့်ရှုစစ်ဆေး

**ဘားအံ နိုဝင်ဘာ ၁**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် တောင်ကလေး တိုးချဲ့ကွက်သစ်အား မြို့အင်္ဂါရပ်များနှင့်အညီ စနစ်တကျ ဖော်ဆောင်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

**ဆက်ကပ်လှူဒါန်း**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် တောင်ကလေး ပရိယတ္တိ၊ ပဋိပတ္တိသာသနာ့အေးရိပ်သာနာယကချုပ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာသာမိ (တောမိရဟန်း) အရှင်သူမြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား လျှောက်ထားတင်ပြပြီး ငါးပါးသီလခံယူဆောက်တည်ကြကာ ပြည်နယ်ဝန်ကြီးချုပ်က တောင်ကလေး ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်း၊ ဆန်၊ ဆီ အစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကလေး တိုးချဲ့ကွက်သစ်ရှိ မဟော်သဓာပညာရေးကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်၌ ယာယီသီတင်းသုံးနေထိုင်တော်မူသော ဖွဲ့ကပင်တောင်ဆရာတော် ဘဒ္ဒန္တကဝိဓဇအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကြသည်။

**စစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမြို့နယ် တောင်ကလေးတိုးချဲ့ ကွက်သစ်၌ စံဖနို၊ ကော့ဝီးလာ၊ ကော့သဖလဲကျေးရွာစျေး(တောင်ဝိုင်းစျေး)၊ ဘောလုံးကွင်း၊ ယာဉ်ရပ်နားစခန်း၊ ပန်းခြံတည်ဆောက်မည့် မြေနေရာများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကလေး တိုးချဲ့ကွက်သစ်အတွင်း မြေသားလမ်းဖော်ခြင်းနှင့် ရေမြောင်းတူးခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မြဝတီမြို့၌ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ ကရင်ရိုးရာဒုံးအကပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ဒုံးမြေချပွဲနှင့် ဩဝါဒခံယူပွဲ ကျင်းပ

**မြဝတီ နိုဝင်ဘာ ၁**

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြဝတီခရိုင်မှ ကရင်ရိုးရာဒုံးအကအဖွဲ့၏ ဒုံးမြေချပွဲနှင့် ဩဝါဒခံယူပွဲအခမ်းအနားကို အောက်တိုဘာ ၃၁ ရက်က မြဝတီမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်း၌ ကျင်းပသည်။

မြဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်က မိမိတို့ကရင်ပြည်နယ်တွင် ကရင်တိုင်းရင်းသားတို့၏ ရိုးရာဓလေ့များရှိကြရာ ကရင်ဒုံးအကသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ယခင်ကလည်း ယခုကဲ့သို့ ဒုံးအကများဖြင့် သွားရောက် ယှဉ်ပြိုင်မှုများရှိခဲ့ရာ ဆုများ ရရှိခဲ့ပါကြောင်း၊ ယခုလည်း ရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် ရရှိအောင်လည်း ကြိုးစားကြစေလိုပါကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်းနာယကကြီး ဦးစောထွန်းဝေက ဩဝါဒစကား ပြောကြားပြီး မြဝတီခရိုင် ကရင်ရိုးရာဒုံးအကအဖွဲ့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောအောင်သိန်းမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။



ဆက်လက်၍ (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြဝတီခရိုင်မှ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကအဖွဲ့ ကြီးကြပ်သူများနှင့် မိတ်ဆက်ပေးပြီး ဒုံးမြေချပွဲကို ဆက်လက်ကျင်းပကာ ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကအဖွဲ့က ပြိုင်ပွဲဝင်တေးသီချင်းနှင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မဘိမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**မဘိမ်း နိုဝင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မဘိမ်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သုံးကြိမ်ထိုးနှံထားပြီးဖြစ်သော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား စတုတ္ထအကြိမ် ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဆက်လက်ထိုးနှံပေးသွားမည်**

ထိုသို့ကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးရာတွင် မြို့နယ်အတွင်းရှိ ကာကွယ်ဆေးသုံးကြိမ် ထိုးနှံထားပြီး ခြောက်လပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ ၅၅ ဦးတို့အား စတုတ္ထအကြိမ် ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကျန်းမာ ရေးဝန်ထမ်းများက ဆက်လက်ထိုးနှံပေးလျက်ရှိပြီး စတုတ္ထအကြိမ် ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန်ကျန်ရှိသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူ များကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စတုတ္ထအကြိမ် ထပ်ဆောင်းကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟိန်းသူဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်း(ပြန်/ဆက်)**

# မော်ဘီမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**မော်ဘီ နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၂) ဖွင့်ပွဲအခမ်းအနားကို မော်ဘီမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

**လက်တွေ့သရုပ်ပြ**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်အောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဝင်းက မီးသတ်ဝတ်စုံများနှင့် ဆေးသေတ္တာများ ပေးအပ်ရာ သင်တန်းသားများက လက်ခံရယူကြပြီး လက်တွေ့သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းကို သင်တန်းသား ၅၀ ဖြင့် နိုဝင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကာ သင်တန်းတွင် မီးသတ်ပညာဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေးပညာဘာသာရပ်နှင့် ရှေးဦးသူနာပြုစုခြင်း ဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

**ဉာဏ်ဟိန်း**

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

# ငပုတောမြို့၌ အခြေခံပညာကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ငပုတော နိုဝင်ဘာ ၁**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ်၌ အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၏ စွမ်းဆောင်ရည် မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ငပုတောမြို့ အခြေခံပညာ အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး ပုသိမ်ခရိုင် ပညာရေးမှူး ဆရာမကြီး ဒေါ်သန်းသန်းဦးက မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ စာသင်ကျောင်းများ ဖွံ့ဖြိုးတိုးတက်မှုသည် ကျောင်းအုပ်ကြီးများ၏ စီမံခန့်ခွဲမှုများက အဓိကကျသည့်အတွက် အလုပ်တာဝန်များနှင့် စည်းကမ်းများကို တန်ဖိုးထားလိုက်နာကာ ဆရာကျင့်ဝတ်များနှင့်အညီ အနာဂတ်လမ်းပြသူများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ (ထက်၊ လယ်၊ မူ) ကျောင်းအုပ်ကြီးများ စုစုပေါင်း ၃၇၅ ဦး တက်ရောက်ပြီး နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ နှစ်ရက်ကြာမြင့်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၀၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၂၀၀၀ | ၂၀၉၀ | ၂၁၀၅ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၂၉၂၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၃၅ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၆၅၀ | ၂၆၉၅ | ၂၆၉၀ | ၂၆၆၀ | ၂၆၉၅ | ၂၇၂၀ | ၂၇၁၅ | ၂၆၈၀ | ၂၇၉၅ | ၂၇၉၀ | ၂၆၉၀ | ၂၆၉၅ | ၂၇၃၀ | ၂၇၃၅ | ၂၇၃၅ | ၂၉၅၅ | ၃၆၄၀ |
| HSD (50 ppm) | ၂၇၂၅ | ၂၇၇၀ | ၂၇၇၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၁၀ | ၃၀၂၅ | ၃၆၇၀ |
| HSD (10 ppm) | ၂၇၂၅ | ၂၇၇၀ | ၂၇၇၀ | ၂၇၃၀ | ၂၇၇၀ | ၂၇၉၀ | ၂၇၈၅ | ၂၇၅၅ | ၂၈၇၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၁၀ | ၃၀၂၅ | ၃၆၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၉ | ၁၉၄၀ |
| 95 Ron | ၁၉၅၆ | ၂၀၂၈ |
| HSD (500 ppm) | ၂၅၃၃ | ၂၆၁၃ |
| HSD (50 ppm) | ၂၆၀၅ | ၂၆၈၆ |
| HSD (10 ppm) | ၂၆၀၅ | ၂၆၈၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် နိုဝင်ဘာ ၁

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၁၂၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၄၂၃၀ နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၁၅၃၄ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသားကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသားကျောင်းသူ ၂၈၀တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

### ပေးဝေလှူဒါန်း

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ ပေးဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဒေသခံပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေစဉ်။



ဟသ်ာတမြို့၌ ဒေသခံပြည်သူများအား ကိုဗစ် -၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးစဉ်။



## (၈၄) ကြိမ်မြောက် မြန်မာပြည်ဗုဒ္ဓဘာသာ ပုညကုသလအသင်းကြီး နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁

(၈၄)ကြိမ်မြောက် မြန်မာပြည်ဗုဒ္ဓဘာသာ ပုညကုသလ အသင်းကြီး နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်(၁၄)လမ်းရှိ အသင်းကြီး၏ ရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နာယက ဦးကျော်ခင်မြင့်က အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက်အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အကျိုးတော်ဆောင်ဦးတင့်ဆွေကဖတ်ကြားပြီး နှစ်ချုပ်စာရင်းစစ် အစီရင်ခံစာနှင့် ငွေစာရင်းများကို ဒုတိယဥက္ကဋ္ဌနှင့် စာရင်းစစ်ဖြစ်သူ ဦးကျော်ဟန်က ဖတ်ကြားတင်သွင်းကာ အတည်ပြုချက်ရယူသည်။

ဆက်လက်၍အသင်းကြီး၏ စည်းမျဉ်းပြင်ဆင်ဖြည့်စွက်ခြင်းအား အတည်ပြုချက်ရယူခြင်း၊ ကြိုတင်ပေးပို့ထားသော အကြံပြုချက်များအား ဆွေးနွေးခြင်းများဆောင်ရွက်သည်။

ထို့နောက်(၈၄)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးမှသဘာပတိ၊နာယက၊ဥက္ကဋ္ဌ၊ဒုတိယဥက္ကဋ္ဌ၊အကျိုးတော်ဆောင်ချုပ်၊ အကျိုးတော်ဆောင် ဥပဒေအကြံပေး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် အလုပ်အမှုဆောင်အဖွဲ့သစ်အား ရွေးချယ်ခြင်းနှင့် အတည်ပြုခြင်းတို့ကိုဆောင်ရွက်ကြသည်။

ဆက်လက်၍မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး၏ ဥက္ကဋ္ဌအသစ်အဖြစ်ရွေးချယ်ခံရသောဦးမြင့်ဝင်းက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်းသိရသည်။

**ကျော်ဆန်းမြင့်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ အောင်လင်း၏ အရိုင်းစံပယ် အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၃၁-၁၀-၂၀၂၂ ရက်မှအဆက်

နောက်ထပ် တေးသံတစ်မျိုးပေါ်လာသည်။ ကိုခင်မောင်ကြည်နှင့် မစ္စစ်တင်သန်းအောင်တို့က တစ်တွဲ ဆက်ကပြန်သည်။ နောက်တစ်ခါ မစ္စတာရှားမားနှင့်တင်သန်းအောင်တို့က တစ်တွဲ၊ ကိုခင်မောင်ကြည်နှင့် မော်တို့က တစ်တွဲ ကပြန်သည်။ သည်လိုနှင့် ညဥ့်သည် တဖြည်းဖြည်း နက်၍လာသည်။

ကိုခင်မောင်ကြည်နှင့်မော် ပြန်သောအခါ တစ်နာရီပင် ထိုးခါနီးလေပြီ။

ကိုခင်မောင်ကြည်သည် စီးကရက်ခဲရင်း ကားကို ခပ်ဖြည်းဖြည်းမောင်း၍ အင်းလျားကန်ဘက်သို့ လှည့်ခဲ့သည်။ မော်ကမူ မျက်လုံးမဖွင့်တော့ချေ။

ကိုခင်မောင်ကြည်၏ လက်မောင်းတစ်ဖက်ကိုသာ သူ့လက်ကလေးဖြင့် ဖက်ထားရင်း မှီ၍လိုက်သည်။

ကိုခင်မောင်ကြည်သည် အင်းလျားကန်စောင်း သစ်ပင်ရိပ်တစ်နေရာတွင် ကားကို အသာထိုး၍ ရပ်လိုက်သည်။

သောက်လက်စ စီးကရက်ကို တအားရှိုက်လိုက်ပြီးလျှင် ဘေးသို့ ပစ်လိုက်သည်။

ပြီးမှ မော်၏ပခုံးကလေးကို သိုင်းဖက်ထားလိုက်သည်။ မော်က ကိုခင်မောင်ကြည်၏ ရင်ခွင်တွင်းသို့ မသိမသာ ရောက်သွားသည်။

အင်းလျားရေပြင်သည် ကြယ်ရောင်ကလေးများအောက်တွင် တလွန့်လွန့် လှုပ်ရှားလျက်ရှိသည်။

ကြယ်ကလေးများသည် လှိုင်းတွန့်ကလေးများပေါ်သို့ တလှုပ်လှုပ်ကစား၍နေရာမှ လှိုင်းတွန့်ကလေးများအောက်သို့ လွင့်စဉ်ကျသွားတတ်သည်။

မော်သည် ကားမှန်ထဲမှနေ၍ အင်းလျားရေပြင်ကြီးကို ကြည့်နေမိသည်။

အသက်ရှူက မြန်လာသည်။ မော်၏ ရွှေရင်ဖြိုးဖြိုးကလေးသည် လှိုင်းတွန့်ကလေးများလို လွန့်၍ လွန့်၍ တက်လာသည်။ အတန်ကြာမှ ကိုခင်မောင်ကြည်ကို မျက်လုံးကလေး ပင့်၍ကြည့်လိုက်သည်။

“ပြန်ကြရအောင် ကိုကိုကြည်ရယ်၊ သိပ်ညဥ့်နက်နေမယ်နော်”

မော်က နွဲ့သံကလေးဖြင့် တောင်းပန်လိုက်သော်လည်း ကိုခင်မောင်ကြည်ကမူ ကြားဟန်ပင်မတူချေ။ မော်၏ မျက်နှာပေါ်မှ အုပ်မိုး၍ ရီဝေသော မျက်လုံးများဖြင့် မော့်ကိုသာ စိုက်၍ ကြည့်နေသည်။ သို့ကြည့်နေရာမှ ကိုခင်မောင်ကြည်၏ မျက်နှာသည် မော့်မျက်နှာနားသို့ တဖြည်းဖြည်း နီး၍လာသည်။

မော်၏ ကျစ်လျစ်နူးညံ့သော ကိုယ်ကလေးကိုလည်း လက်တစ်ဖက်ဖြင့် ပွေ့၍ မြှောက်လိုက်သည်။

မျက်နှာချင်း ကပ်၍သွားသည်။

နောက် နှုတ်ခမ်းချင်း ဂဟေဆက်သွားသည်။

“ဟင့်အင်း ... ဟင့်အင်း”

“မကောင်းဘူးကွယ် ... ကိုကိုကြည်ရယ်”

မော်က တစ်ချက်မျှ ရုန်းလိုက်သည်။

မျက်နှာချင်း ကွာ၍သွားသည်။ နောက် ပြန်၍နီးလာသည်။

နောက်ဆုံး၌ ကိုခင်မောင်ကြည်၏ လက်နှစ်ဖက်သည် မော့်တစ်ကိုယ်လုံးကို ရစ်ပတ် ပွေ့ဖက်ထားလိုက်တော့သည်။ မော်၏ နီထွေးလတ်ဆတ်သော နှုတ်ခမ်းပါးကလေးအစုံနှင့် ကိုခင်မောင်ကြည်၏ နှုတ်ခမ်းထူကြီးများမှာ ထိတွေ့သွားပြန်သည်။ မော်၏ တအင်အင် ညည်းသံနှင့် မောသံ၊ ရှိုက်သံကလေးများသည် အင်းလျားရေပြင်ပေါ်တွင် လွင့်စဉ်၍ ထွက်လာသည်။

သည်တစ်ကြိမ်တွင် မော်၏လက်ကလေးအစုံသည် ကပွဲတုန်းကလို ကိုခင်မောင်ကြည်၏ တစ်ကိုယ်လုံးကို ပြန်၍ ဖက်တွယ်ထားလိုက်သည်။

အင်းလျားရေပြင်သည် ငြိမ်သက်၍ သွားသလို ထင်ရသည်။ လှိုင်းတွန့်ကလေးများ ဖြာ၍ထွက်လာသည်။ ထိုလှိုင်းတွန့်ကလေးပေါ်တွင် ကြယ်ကလေးတစ်ပွင့်က ပြေး၍တက်လာသည်။ နောက် လွင့်စဉ်၍ကျသွားသည်။

အင်းလျားကန်စောင်း မှောင်ရိပ်တွင် ရပ်ထားသော ကားကလေး၌မူ ဘာသံမျှပင် မကြားရတော့ချေတကား။

[ ၁၃ ]

ကိုဘခက်သည် ‘မ’ ထံမှ စာကလေးကို မောင်အေးလာပေးသောအခါ ဝမ်းသာအားတက်မိသည်။ ‘မ’ နှင့် မတွေ့ရသည်မှာ နှစ်ပတ်ခန့်ရှိပြီ။

လူကြီးများကား ကိုဘခက်နှင့် ‘မ’ အကြောင်းကို ရိပ်မိပုံမပေါ်သော်လည်း ကိုယ့်လိပ်ပြာကိုယ်မလုံဘဲ တစ်ယောက်နှင့်တစ်ယောက် ရှောင်၍နေကြသည်။

ကိုဘခက်ကိုယ်တိုင်လည်း အိမ်သို့ ကပ်သည်မရှိ၊ မိုးလင်းကထွက်၍ မိုးချုပ်မှ အိမ်သို့ပြန်လေ့ရှိသည်။

သည်အထဲတွင် အသံလွှင့်ရန် အစီအစဉ်ရသဖြင့် သီချင်းတိုက်ရသည်။ ဦးကျော်ဒင်က ကိုဘခက်အတွက် အသံလွှင့်ရန် အစီအစဉ်ရသဖြင့် ဝမ်းသာစကားပင် ပြောကြားရှာသည်။

မော်တစ်ယောက်ကလွဲ၍ အိမ်သားအားလုံးမှာ အရင်အတိုင်းပင် ဆက်ဆံပြောဆိုကြသည်။

မော်ကမူ ကိုဘခက်ကိုမြင်လျှင် မျက်နှာထားခပ်ဆိုးဆိုးဖြင့် ကြည့်တတ်သည်။

ခြေကို ဆောင့်နင်းတတ်သည်၊ ကိုဘခက်ကသာ မမြင်ချင်ယောင်ဆောင်၍နေရသည်။ ဤသို့ဖြင့် နှစ်ပတ်ကျော်မျှ တစ်ယောက်နှင့်တစ်ယောက် ခပ်ရှောင်ရှောင်နေခဲ့ကြသည်။

လူချင်းဆုံလျှင် မျက်လုံးချင်းသာ စကားပြောကြသည်။ တစ်ခါတစ်ရံ အကြောင်းတိုက်ဆိုင်မှ မေးထူးခေါ်ပြောလောက်သာ ဟန်မပျက် ဆက်ဆံကြသည်။

အမှန်တော့ ကိုဘခက်ကိုယ်တိုင်ကပင် ‘မ’ နှင့် တွေ့ချင်သည်။ စကားပြောချင်သည်။ သို့သော် ‘မ’ ၏ အရိပ်အကဲကို ကြည့်၍မတတ်သာ ခပ်ခွာခွာနေခဲ့ရခြင်းသာဖြစ်သည်။

ယနေ့လည်း အိမ်ရှေ့ဧည့်ခန်းတွင် ဝိုင်းကောင်းလှသည်။ ‘မ’ နှင့် မော်တို့ အဖော်များပင်ဖြစ်သည်။ မော်၏အသံကို အများဆုံးကြားရသည်။ ကိုဘခက်ကမူ အခန်းတွင်းမှပင် မထွက်တော့ချေ။ စာအုပ်တစ်အုပ်နှင့်သာ အဖော်လုပ်၍ နေရသည်။ နေ့ခင်းပိုင်းတွင် မောင်အေးက ကော်ဖီလာ၍ပို့ရင်း ‘မ’ ထံမှ စာကို ပေးလိုက်သည်။ ကိုဘခက်သည် ကော်ဖီကိုမသောက်နိုင်သေးဘဲ ‘မ’ထံမှ စာအိတ်ပြာကလေးကိုသာ ဖွင့်၍ ဖတ်လိုက်မိသည်။

ကိုရေ ...

‘မ’ ကို့ကို တွေ့ချင်ပါတယ်။ ကိုလက်သံကလေးတွေ နားထောင်ရင်၊ စိတ်ဖြေနေရပါတယ်ကို။ ကိုလည်း တော်တော်စိတ်ဆင်းရဲနေမှာပဲနော်။ ‘မ’ စိတ်ဆင်းရဲသလို ကိုလည်း စိတ်ဆင်းရဲရှာမှာပဲဆိုတာ ‘မ’ ကိုယ်ချင်းစာပါတယ်ကို။ ဒါဟာ အချစ်ရဲ့ ဆုလာဘ်ကြီးတစ်ခုပဲလို့ ‘မ’ နားလည်ပါတယ်ကိုရယ်။

ကို့ကို ဝမ်းသာစရာတစ်ခုပြောမယ်။ ‘မ’ ဒီနှစ် စာမေးပွဲအောင်တယ်။ မော်တို့တော့ ပါတီလုပ်ကြလိမ့်မယ်။ ‘မ’ တော့ ကျောင်းကသူငယ်ချင်းတွေဆီ သွားပြီး ပြုစုရမယ်လို့ ဖေဖေ မေမေတို့ကို ညာထားတယ်။ မိဘကို မွေးကတည်းက ဒီတစ်ကြိမ်ပဲ လိမ်ဖူးသေးတယ်ကိုရယ်။ အချစ်အတွက် လိမ်ရတာမို့ ငရဲမကြီးပါဘူးနော်။ ‘မ’ ခုလိုလိမ်တာ ကိုနဲ့တွေ့ချင်လို့။ အဲဒါကို ဆက်ဆက်လာခဲ့နော်။ ကနေ့ နှစ်နာရီတိတိမှာ ရှစ်မိုင် ကြိုင်နန်းတရုတ်ဟိုတယ်က စောင့်နေပါ။ ‘မ’ လည်း ဒီဟိုတယ်ကိုပဲ မွန်တို့နဲ့ နှစ်ခါလောက်ရောက်ဖူးတယ်။ ဘယ်ဘက် နောက်ဆုံးခန်းက စောင့်နေနော်ကို။ ‘မ’ နှစ်နာရီတိတိ အရောက်လာမယ်။ အိမ်ကနာရီနဲ့ တိုက်သွားပေ့ါ။

‘မ’ လက်ရေးကလေးတွေ ပိုပြီးမလှဘူးလားကို။ အဲဒါ ဘာကြောင့်လဲ သိလား။ ကိုလက်ဆောင်ပေးတဲ့ ဖောင်တိန်ကလေးကို ‘မ’ နမြောလို့ သိမ်းထားတာ။ တစ်ခါမှ မရေးသေးဘူး။ ကနေ့ ကို့ဆီစာရေးတော့ ဒီဖောင်တိန်ကလေးကို သတိရပြီး အဦးဆုံးရေးလိုက်ခြင်းပဲ။

ကို့ကိုချစ်သလို ကိုပေးတဲ့လက်ဆောင်ကလေးကိုလည်း ‘မ’ အသက်လောက် မြတ်နိုးခုံမင်ပါတယ် ကိုရယ် ...။

ကို့ ချစ်တပည့်မလေး

မ ...။

ကိုဘခက်သည် ‘မ’ ထံမှ စာကလေးကို ဖတ်ပြီးသည့်တိုင်အောင် မလွှတ်နိုင်ဘဲ ရှိလေသည်။ ‘မ’ ၏လက်ရေးကလေးများသည် ‘မ’ မျက်နှာကဲ့သို့ ကြည်လင်လှပေသည်။ ‘မ’ အတွင်းစိတ်ကဲ့သို့ ရှင်းလင်းပြတ်သားလှသည်။ ‘မ’ အချစ်ကဲ့သို့ ညီညာဖြောင့်တန်းလှသည်။

ကိုဘခက်သည် စာကို နောက်တစ်ခေါက်ပြန်ဖတ်ပြီးလျှင် ခေါက်ရိုးမပျက် ပြန်၍ခေါက်လိုက်သည်။ ပြီးမှ တယုတယ အိတ်ထောင်ထဲသို့ ထည့်လိုက်သည်။ နာရီကိုကြည့်လိုက်သည့်အခါတွင် ဆယ့်နှစ်နာရီခွဲခါနီးလေပြီ။

ထိုအချိန်ကိုပင် စောသည်ဟုမထင်။ ခုချိန်မှထွက်လျှင် နှစ်နာရီချိန်းထားသောနေရာသို့ရောက်မည်။ စောင့်ရသည်က အရေးမဟုတ်။ ကိုယ်က နောက်ကျလျှင် ‘မ’ စိတ်ပူနေမည်စိုးသည်။ ထို့ကြောင့်ပင် ကိုဘခက်သည် အဝတ်အစားများကိုလဲ၍ စာအုပ်တစ်အုပ်ကို ဆွဲကာ အိမ်မှထွက်ခဲ့သည်။

ကြိုင်နန်းဟိုတယ်သို့ ကိုဘခက်ရောက်သောအခါ တစ်နာရီပင် မထိုးသေးချေ။ စားစရာများ မှာပြီးလျှင် စာအုပ်တစ်အုပ်နှင့် အချိန်ကို ကုန်မှန်းမသိ ကုန်လွန်စေတော့သည်။ စာအုပ်ဖတ်နေသော်လည်း မျက်စိထဲတွင်ကား စာလုံးများကို မမြင်၊ ‘မ’ မျက်နှာကလေးသာ ပေါ်၍လာတတ်သည်။ ထိုအခါတွင် ကိုဘခက်သည် ‘မ’ ထံမှ စာကလေးထုတ်၍ ဖတ်မိပြန်သည်။ ဖတ်၍ ဆုံးသွားပြန်တော့လည်း ‘မ’ရေးလိုက်သော စာလုံးကလေးများက အသံမြည်၍လာသည်။ နားတွင် နှစ်ကိုယ်ကြား ညင်းညှဲ့ညှဲ့ပြောနေသလို ကြားယောင်မိပြန်သည်။

“မိဘကို မွေးကတည်းက ဒီတစ်ကြိမ်ပဲ လိမ်ဖူးသေးတယ် ကိုရယ်”

အချစ်အတွက် လိမ်ရတာမို့ ငရဲမကြီးပါဘူးနော်”

ဆက်လက်ဖော်ပြပါမည်။

ဆရာအောင်လင်း၏ “အရိုင်းစံပယ်” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

‘ကြိုင်နန်းဟိုတယ်သို့ ကိုဘခက်ရောက်သောအခါ တစ်နာရီပင် မထိုးသေးချေ။
စားစရာများမှာပြီးလျှင် စာအုပ်တစ်အုပ်နှင့် အချိန်ကို ကုန်မှန်းမသိ ကုန်လွန်စေတော့သည်။
စာအုပ်ဖတ်နေသော်လည်း မျက်စိထဲတွင်ကား စာလုံးများကိုမမြင်၊
‘မ’ မျက်နှာကလေးသာ ပေါ်၍လာတတ်သည်။ ထိုအခါတွင် ကိုဘခက်သည်
‘မ’ ထံမှ စာကလေးထုတ်၍ ဖတ်မိပြန်သည်။ ဖတ်၍ ဆုံးသွားပြန်တော့လည်း
‘မ’ ရေးလိုက်သော စာလုံးကလေးများက အသံမြည်၍လာသည်။
နားတွင် နှစ်ကိုယ်ကြား ညင်းညှဲ့ညှဲ့ပြောနေသလို ကြားယောင်မိပြန်သည်။
“မိဘကို မွေးကတည်းက ဒီတစ်ကြိမ်ပဲ လိမ်ဖူးသေးတယ်ကိုရယ် . . .
အချစ်အတွက် လိမ်ရတာမို့ ငရဲမကြီးပါဘူးနော်”’

# တစ်ယောက်တည်းနေရင်

ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ

**(ယခင်အပတ်မှအဆက်)**

"မှန်လှပါဘုရား"

"သူတော်ကောင်းက ကောင်းတာသာလုပ်တယ် ဆိုလို့ မှန်တာ မလုပ်ဘူး၊ မမှန်တာ လုပ်တယ်၊ နောက်ပြီး ပညာရှိဆိုတာ မှန်တာကိုသာ လုပ်ကြလေ့ရှိတယ်ဆိုလို့ ကောင်းတာကို မလုပ်ဘူး၊ မကောင်းတာကို လုပ်တယ်ဆိုလို့ အဓိပ္ပာယ်မျိုး မဟုတ်ပါဘူး၊ ဒါကတော့ အထူးအထွေ ရှင်းပြစရာ မလိုပါဘူး၊ ညီမောင်က ပညာရှိသူတော်ကောင်း တစ်ပါးဆိုတော့ သိပြီးသားပါ"

"ဆက်ပြီး မိန့်ပါဦးဘုရား"

"ဒါကြောင့် ပညာရှိသူတော်ကောင်းတွေဟာ မှန်တာကိုလည်း လုပ်တတ်ကြပါတယ်။ လုပ်လေ့ရှိကြပါတယ်။ ကောင်းတာကိုလည်း လုပ်တတ်ကြပါတယ်။ လုပ်လေ့ရှိကြပါတယ်"

"မှန်ပါဘုရား"

"အဲ.. ဒါပေမဲ့ တစ်ခါတလေ အသိဉာဏ်ပညာက မှန်တာကို ဦးစားပေးပြီး လုပ်မိလေ့ရှိပါတယ်"

"တစ်ခါတလေကျပြန်တော့ ဒီအသိ၊ ဒီသတိနဲ့ ပါပဲ၊ သူတော်ကောင်းဓာတ်ခံက အားကောင်းလွန်းတော့ ကောင်းတာကိုဦးစားပေးပြီး လုပ်မိလေ့ရှိကြပါတယ်"

"ကောင်းတာရော၊ မှန်တာရော နှစ်မျိုးစလုံး ပါဝင်တဲ့ အလုပ်တစ်ခုတည်းကို လုပ်မိဖို့ဆိုတာ တော်တော့်ကိုပဲ မလွယ်ပါဘူး၊ များသောအားဖြင့် အခြေအနေ အကြောင်းကြောင်းတွေက ခြယ်လှယ် တတ်ကြတာကိုး"

"တပည့်တော်လည်း အဲဒီလိုတော့ သဘော ပေါက်ထားမိပါတယ်ဘုရား"

"ကောင်းတာပေါ့၊ အခု ညီမောင်တစ်ယောက် တည်း၊ တစ်ပါးတည်းနေတဲ့ အလုပ်ဟာ ကောင်းတာ၊ မကောင်းတာကို ခဏထား၊ မှန်ကန်တယ်လို့ ညီမောင်ယူဆလို့ ညီမောင့်အခြေအနေကို ညီမောင် ကြည့်ပြီး ညီမောင်သိပြီး တစ်ပါးတည်းနေတာ မဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"ဟုတ်တယ်လေ၊ တပည့်တော်လည်းပဲ ဒီတက္ကသိုလ်ကြီးမှာနေပြီး သာသနာ့တာဝန်တွေကို နိုင်သရွေ့ ဆောင်ရွက်နေတယ်ဆိုတာ တပည့်တော် ရဲ့ အခြေအနေကိုကြည့်ပြီး နေတာပါပဲ၊ ညီမောင်လိုပဲ မှန်ကန်တယ်လို့ ယူဆလို့ နေတာပေါ့"

"မှန်လှပါ သဘောပေါက်ပါတယ်ဘုရား"

"အဲ.. ဒါပေမဲ့ တစ်ယောက်တစ်ပါးရဲ့ အခြေ အနေနဲ့ တစ်ယောက်တစ်ပါးရဲ့ အခြေအနေဆိုတာ ကတော့တူကြလိမ့်မယ် မထင်ပါဘူး။ ဘာလို့လဲ ဆိုတော့ အခြေအနေချင်းက မတူလို့၊ စွမ်းရည်သတ္တိ ရှိတာချင်းတူပေမယ့် အားကောင်းတာချင်း မတူညီ ကြလို့ပါပဲ"

"မှန်လှပါဘုရား"

"ကဲ.. ဒါဖြင့် ညီမောင်တစ်ပါးတည်း အခုလို သီတင်းသုံးနေတာ မှန်ကန်တာပေါ့လို့ ဖြေတာကို ရော နှစ်သက်ပါသလား"

"နှစ်သက်ပါတယ်ဘုရား၊ ဘုန်းကြီးပြောသလို တပည့်တော်ရဲ့ အခြေအနေတွေကိုက ဒီလိုတစ်ပါး တည်းနေရမယ့်၊ နေသင့်တဲ့အခြေအနေတွေ ဖြစ်နေ လို့ပါပဲ ဘုရား"

"နောက်အဖြေတစ်ခု လိုပါသေးတယ်ဘုရား၊ တစ်ပါးတည်းနေတာ ကောင်းပါသလား ဆိုတာပါ ဘုရား"

"အင်း… ဒီတစ်ခါ တစ်မျိုးဖြေရတော့မှာပေါ့"

"အမိန့်ရှိပါဘုရား"

"တစ်ပါးတည်းနေရင်လည်း ကောင်းတာပါပဲ။ အများနဲ့နေရင်လည်း ကောင်းတာပါပဲ"

"တစ်ပါးတည်း နေတယ်ဆိုပေမယ့် အများနဲ့ လည်း နေနေသလိုနေတတ်ရင်၊ အများနဲ့နေတယ် ဆိုပေမယ့် တစ်ပါးတည်း နေနေသလိုနေတတ်ရင် ပိုကောင်းတာပေါ့"

"တပည့်တော် သဘောပေါက်ပါပြီဘုရား၊ အခု တပည့်တော် ရန်ကုန်ကိုရောက်တဲ့အခိုက် နေရတဲ့ နေရာက အများနဲ့နေတယ်လို့ ဆိုရလောက်အောင် လူသံ၊ ကားသံ၊ မြို့သံ၊ ရွာသံတွေ ဆူညံနေတဲ့နေရာပါ ဘုရား"

"အင်း ... ဟုတ်တာပေါ့"

"အဲဒါ တချို့က လျှောက်ကြတယ်၊ အရှင် ဘုရားတော့ဒုက္ခပဲ၊ တစ်ပါးတည်းနေရာကနေ အခုလို နေရတော့ စိတ်ထဲမှာ တော်တော်အဆင်မပြေ ဖြစ်မှာပဲ၊ တပည့်တော်က ပြောလိုက်ပါတယ်။ တစ်ပါးတည်းလိုနေလို့ရတဲ့နေရာမှာလည်း တည်းဖို့ လည်း အဆင်ပြေပါတယ်၊ ဒါပေမဲ့ ဒီမှာက ပိုပြီး အဆင်ပြေပါတယ်။ အများနဲ့နေသလို နေရပေမယ့် တစ်ပါးတည်းပါ။ တစ်ပါးတည်းနေသလို နေရတော့ လည်း တစ်ပါးတည်းပါပဲလို့"

"ကောင်းတယ်၊ ကောင်းတယ် ညီမောင်ရဲ့ အဖြေက မှန်လည်းမှန်တယ်"

"ဟုတ်တယ်လေဘုရား၊ အခုဘုန်းကြီးနဲ့ တပည့်တော် ဒီအခန်းထဲမှာ နှစ်ပါးစကားပြောနေ ကြတယ်ဆိုပေမယ့် တကယ်တမ်းက တပည့်တော် တစ်ပါးတည်းပါပဲ"

"ဟုတ်ပါတယ်၊ဟုတ်ပါတယ်၊ တပည့်တော်တို့ နှစ်ပါး စကားပြော၊ မေး၊ ဖြေကြပေမယ့် တပည့်တော် ကလည်း တစ်ပါးတည်းပါပဲ"

"ဟုတ်ပါတယ် ဘုရား၊ တပည့်တော်တော့ ဘုန်းကြီးအဖြေကို နှစ်သက်ပါတယ်၊ တပည့်တော် သိထားတဲ့ အသိနဲ့လည်း တူညီနေတာတွေ့ရတော့ ပိုပြီး ပီတိဖြစ်မိပါတယ်"

"သာဓု၊ သာဓု၊ သာဓု ကောင်းပါတယ်၊ ကောင်းပါတယ်"

**(ဆက်လက်ဖော်ပြပါမည်)**



**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ ခန့်တဲ့စိတ်နဲ့ နေပွဲမယ် စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# ယဉ်ကျေးလိမ္မာအစပြု စာသင်ခန်းယဉ်ကျေးမှု(၁၄)

ဦးမင်းဟန်(ဘီအေ)

"ပူစူးမရေ ကျောင်းကထိန်မှာ ပျော်ရဲ့လား"

"ဟုတ်ကဲ့ဘိုးလေး၊ ပျော်ပါတယ်"

ဘိုးလေးကြွက်၏စကားကို ပူစူးမက ပြန်ပြောလိုက်ရင်း မှတ်စု စာအုပ်ကို ထုတ်လိုက်ရာ ကိုဦးနှင့် မောင်ထူးကပါ မှတ်စုစာအုပ်များ လိုက်ထုတ်ကြလေသည်။

"မြေးတို့ကျောင်းကထိန်ပွဲမှာ ပဒေသာပင်တွေကို ရပ်ကွက်ထဲ လှည့်သေးတယ်ကြားလို့"

"ဟုတ်တယ်ဘိုးလေး။ ပဒေသာပင်တွေကို ရပ်ကွက်ထဲလှည့်ပြီး မဲပေါက်တဲ့ ဘုန်းတော်ကြီးကျောင်းကို အရောက်ပို့ပေးကြပါတယ်။ ကျောင်းသူ ကျောင်းသားတွေ စုပေါင်းပြီး တာဝန်ခွဲဝေယူကြတာ။ အခမ်းအနား အစီအစဉ်လုပ်တာလည်း ပူးပေါင်းလုပ်ဆောင်ကြပါတယ်။ မြေးတို့လည်း ကျရာတာဝန်ကို ကျေပွန်အောင် လုပ်ဆောင်ပေးပါတယ်။ ဆရာ ဆရာမတွေရဲ့ လမ်းညွှန်မှုကိုတော့ လိုက်နာရတာပေါ့။ ပျော်ရွှင် ကျေနပ်မိပါတယ်"

"ဒါပေါ့ကွယ်၊ ဒါဟာ သမိုင်းပေးတာဝန်တွေပဲ။ ကျောင်းစာသင်ခန်း တိုင်းကလုပ်တဲ့ ပဒေသာပင်တွေဆိုတာ မြေးတို့စိတ်ကူးစိတ်သန်းနဲ့ ပုံဖော်ကြရတာ။ မြေးတို့တွေက လိမ္မာရေးခြားရှိပြီး အချင်းချင်းနားလည် မှုရှိကြလို့ပေါ့"

ဘိုးလေးကြွက်က ပြောပြောဆိုဆို ရေနွေးကြမ်းပြည့်ပြည့်တစ်ခွက် ကို နှစ်ခါခွဲပြီး မော့သောက်လိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း ဆက်ပြောသည်။

"ဒီနေ့ မြေးတို့ကို အထူးပြောချင်တာက စုပေါင်းလုပ်ဆောင်မှု ကြောင့် ရရှိတဲ့အသီးအပွင့်က ချိုမြိန်တယ်ဆိုတာပဲ။ စာသင်ခန်း ယဉ်ကျေးမှုမှာကိုက ပူးပေါင်းပါဝင်မှု၊ အချင်းချင်းဖေးမကူညီမှု၊ တစ်ဦးရဲ့ စကားကို ကျန်တဲ့သူတွေက လေးစားသမှုရှိမှု၊ စည်းလုံးညီညွတ်မှု၊ စည်းလုံးမှု အားဖြစ်တာကွယ့်။ စာသင်ခန်းထဲမှာ လိုက်နာသင့်တဲ့အရာ တွေကို စည်းကမ်းနဲ့အညီ လိုက်နာလုပ်ဆောင်မှုတွေဟာ စာသင်ခန်း ယဉ်ကျေးမှုကို လိုက်နာတာပါပဲ။ နောက်ပြီး ကျောင်းမှာစုစည်းလုပ်ဆောင် ကြတာဟာ ငယ်ဘဝမှာအလေ့အကျင့်ကောင်းတွေရရှိပြီး အရွယ်ရလာ တဲ့အခါ အများကြီးအကျိုးပြုတယ်"

"ဟုတ်ကဲ့ပါ ဘိုးလေး"

"အထူးသတိထားရမှာက စုပေါင်းလုပ်ဆောင်ကြတဲ့အခါ ကိုယ့်ဆန္ဒ တစ်ခုတည်းကိုပဲ ရှေ့တန်းမတင်ရဘူး။ အများဆန္ဒကို ကြည့်ရမယ်။ ကိုယ်ဖြစ်ချင်တဲ့ဆန္ဒကိုလည်း ချပြရမယ်။ လိုအပ်ရင် အများသဘော ကျအောင် ရှင်းလင်းပြောဆိုတတ်ရမယ်။ ကိုယ့်ဆန္ဒကို မလိုက်လျောလို့ စိတ်မဆိုးရဘူး။ စိတ်မကောက်ရဘူး။ စိတ်မပျက်ရဘူးနော်"

"ဟုတ်ကဲ့ ဘိုးလေး။ မှတ်သားထားပါ့မယ်"

ပူစူးမက ပြောပြောဆိုဆို မှတ်စုစာအုပ်တွင် ရေးမှတ်နေရာ ကိုဦး နှင့် မောင်ထူးတို့လည်း မှတ်စုစာအုပ်များတွင် ကိုယ်စီလိုက်မှတ်ကြ တော့သည်။

"အစီအစဉ်တကျဖြစ်တယ်မဟုတ်လား။ မြေးတို့အတွက် အတွေ့ အကြုံကောင်းတွေရတာပေါ့"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ်ဘိုးလေး။ မြေးတို့ဆန္ဒလည်းဖော်ပြခွင့် ရပါတယ်။ အကောင်အထည်ဖော်တဲ့နေရာမှာတော့ သတိထားလုပ်ဆောင် ရတာပေါ့။ တန်းခွဲတစ်ခုလုံးက တာဝန်ကိုယ်စီ ယူလိုက်ကြရတာဆိုတော့ မပင်ပန်းလိုက်ပါဘူး။ ဘိုးလေးပြောသလိုပဲ အတွေ့အကြုံကောင်းတွေ ကတော့ အတော်လေးရလိုက်တယ်လို့ ပြောရမယ်"

"သိပ်ကောင်းတာပေါ့ကွယ်။ ဝမ်းသာစရာပဲ"

"မြေးတို့အားလုံးက ပဒေသာပင်စလုပ်ချိန်ကနေ နောက်ဆုံး ဘုန်းတော်ကြီးကျောင်းကို လိုက်ပို့ပြီးတဲ့အထိ လုပ်ဆောင်ခဲ့ပါတယ်။ ဘုန်းကြီးကျောင်းမသွားခင်မှာ အတန်းထဲကို သန့်ရှင်းရေးပါ အပြီးလုပ်ခဲ့ ကြတာပါ"

"မြေးနဲ့ မောင်ထူးက ပဒေသာပင်ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ယူထားရတော့ ဆရာတော်ဆီကို အပ်နှံပြီးတဲ့အထိ တာဝန် ကျေအောင် လုပ်ဆောင်ပေးခဲ့ပါတယ်"

"ပူစူးမနဲ့ ကိုဦးကတော့ တစ်ချိန်လုံးဆရာလုပ်နေတာပါပဲ ဘိုးလေး ရာ။ မြေးကတော့ ခိုင်းဖက်ကိုဖြစ်လို့"

မောင်ထူးက ပူစူးမကိုစိုက်ကြည့်ရင်း ပြောလိုက်ရာ ပူစူးမက မောင်ထူးကို မျက်စောင်းထိုးလိုက်သည်။ ကိုဦးက ငြိမ်နေသည့် တိုင်အောင် ပူစူးမက ပြန်ပြောလိုက်သေးသည်။

"မောင်ထူးရာ ခိုင်းဖက်လို့တော့မပြောပါနဲ့ဟာ၊ ကိုယ့်လူရင်းမို့ အကူအညီပိုတောင်းမိတာပါ"

ဘိုးလေးကြွက်ကတော့ မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့သုံးဦးသား အချင်းချင်းပြောဆိုနေကြသည်များကို နားစွင့်နေသည်။ ပြီးမှ ဖြည်းဖြည်းချင်းပြောသည်။

"မြေးတို့ပြောတာတွေကို ဘိုးလေးကြားပါတယ်။ ဒီလိုပွဲမျိုးဆိုတာ ပင်ပန်းကြပေမယ့် ပျော်စရာကောင်းပါတယ်။ ကျောင်းမှာ စာသင်ခန်း မှာ ဘယ်လိုပွဲမျိုးကျင်းပတာပဲဖြစ်ဖြစ် ကိုယ်ကလိုက်လျောညီထွေ ရှိရ မယ်။ ပတ်ဝန်းကျင်နဲ့ ဆရာ ဆရာမတွေကိုလည်း သတိထားကြည့် ပေးရမယ်။ ကိုယ့်အတွက်နဲ့ ဆရာ ဆရာမတွေကို စိတ်မပူစေရဘူး။ အလိုက်တသိဖြစ်နေတာ အကောင်းဆုံးပဲ။ အများနည်းတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်နိုင်ရမယ်။ သည်းခံပြီးနားလည်ပေးနိုင်ရမယ်။ ဆရာ ဆရာမ တွေကို ရိုသေလေးစားမှုအမြဲရှိပြီး အလိုက်တသိနဲ့ နိုင်သလောက် ကူညီဖေးမကြရမယ်။ အနှစ်ချုပ်လိုက်ရင် ကျောင်းကထိန်ပွဲမှာ ပါဝင် ဝန်းရံရတာ ပျော်ရွှင်ကြည်နူး၊ ကျေနပ်စရာ ဖြစ်ကြတယ်မဟုတ်လား"

"ဟုတ်ကဲ့ဘိုးလေး၊ ပျော်ရွှင်ရပါတယ်။ ကျေနပ်ကြည်နူးမိပါတယ်။ တစ်သက်လုံးအမှတ်ရနေမှာပါ"

မောင်ထူး၊ ကိုဦးနှင့် ပူစူးမတို့ပြိုင်တူပြောလိုက်ကြရာ ဘိုးလေး ကြွက်လည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ကြည်နူးကျေနပ်နေလေ တော့သည်။ ။

# ပါရမီဆယ်ပါးမင်္ဂလာ

သုတေသီ ဦးသိမ်းဇံ

**(ယခင်အပတ်မှအဆက်)**

“နောင်တော်ကြီးကတော့ အလှူရေစက်လက်နဲ့မကွာဘူးနော်”

“ဟုတ်ပ၊ ဟုတ်ပ။ တို့နောင်တော်ကြီးကတော့ နေကွမ္မပါရမီရင့်သန်စေဖို့ ကုသိုလ်ရေးဖြည့်ဆည်းနေတယ်နဲ့ တူပါတယ်”

ညီတော်နှစ်ဦး၏ အပြန်အလှန်ပြောစကားများကိုနားစွင့်လျက် နောင်တော်ကြီးအိမ်ရှေ့စံမင်းသားဖြစ်သူ ယုဓဋ္ဌိယမင်းသားက ခပ်ဖွဖွကလေးပြုံးလိုက်သည်။ အလှူကြီးနေ့စဉ်ပေးနေသည်ကိုပင် ခနိုးခနဲ့ပြောချင်သည့် ညီတော်များ၏ အတွေး၊ အဓိပ္ပာယ်ကိုလည်း သိပြီးဖြစ်၍ ထိုအသံများနှင့်ဝေးရာဆီသို့သာ သွားနေချင်တော့သည်။ အေးချမ်းသည့်ဘဝဖြင့် လောဘဇောများနှင့် ဝေးရာသို့သာ အာရုံကျလျက်ရှိလေသည်။

“ဟင်– အမြင်မှာပင် သံဝေဂရစရာပါကလား”

ယုဓဋ္ဌိယမင်းသား၏အမြင်အာရုံတွင် သစ်ပင်သစ်ကိုင်းအဖျားတွင် ဖွဲ့တည်နေသည့် ပင့်ကူအိမ်၏ အမျှင်လေးများတွင် နှင်းပွင့်နှင်းစက်လေးများ သီခိုနေသည်။ နှင်းပွင့်နှင်းစက်လေးများကို ပင့်ကူမြေးတို့က ဖမ်းယူထိန်းထားသည့်အလား၊ မလူးသာ မလွန့်သာ ချုပ်နှောင်ခံထားရဘိသကဲ့သို့ ထိုးထွင်းသိမြင်လိုက်ရပြီး မိမိ၏ ဘဝအခြေအနေနှင့် နှိုင်းယှဉ်ခံစားမိလိုက်သည်။

မိမိသည်လည်း ထိုအတူ နှောင်ဖွဲ့ခံထားရပါလား ဟူသည့်အတွေးက ချက်ချင်းပေါ်ပေါက်လာတော့သည်။

ဥယျာဉ်တော်အတွင်း တစ်နေ့တာပျော်ပါးပြီး အပြန်လမ်းတွင် နံနက်ကမြင်တွေ့ခဲ့ရသည့် မြင်ကွင်းကို သတိတရကြည့်ဖြစ်လိုက်သည့်အခါ နှင်းပွင့်နှင်းစက်လေးများကို မတွေ့ရတော့ပေ။ ပင့်ကူမျှင်လေးများသာ လေအသုတ်တွင် တလှုပ်လှုပ်ဖြင့် ခပ်လေးလေးယိမ်းနွဲ့နေလေသည်။

“နေ့မြင်ညပျောက်ဆိုတာ ဒီလိုဘဝမျိုးပါလား။ မမြဲတဲ့တရားကို လက်တွေ့မြင်လိုက်ရပါပကော”

ယုဓဋ္ဌိယမင်းသားသည် တစ်ခဏအတွင်း တွေ့မြင်လိုက်ရသည့်မြင်ကွင်း၏ အနှစ္စတ္တကိုထိုးထွင်းသိမြင်ရသည့် အခိုက်အတန့်မှာပင် မမြဲသည့်တရားကို ဆက်လက်ဆင်ခြင်မိလိုက်သည်။

“ဟုတ်ပေသားပဲ။ သက်ရှိသတ္တဝါတို့ပင် မဆိုထားလင့်၊ သဘာဝကဖြစ်ပေါ်လာသည့် သက်မဲ့အရာဝတ္ထုတို့သည်ပင် မတည်မြဲပါကလား။ ဘယ်အရာမျှ မမြဲကြောင်း ပြသနေတာပဲ။ သက်ရှိသတ္တဝါတို့ရဲ့ ဇီဝိတလို့ခေါ်တဲ့ အသက်ဆိုတာ ပိုမမြဲဘူးပေါ့။ သေခြင်းတရားဟူသည်နှင့် ပျောက်ကွယ်ခြင်းတရားဟူသည်တို့ကသာ မြဲပေစွ။ လူ့ဘဝဟာ သေဆုံးခြင်းမှာသာ အဆုံးရှိပေတကား။ ငါသည်လည်း လူသားဖြစ်တဲ့အတွက် အိုမှု၊ နာမှု၊ သေမှု ဘေးကမလွတ်ကင်းနိုင်။ ဘဝရဲ့ပြဋ္ဌာန်းချက်အတိုင်းသာ အဆုံးသတ်ရမှာဖြစ်ပေတယ်။ အင်း... ဒီဘေးဆိုးတွေက မနှိပ်စက်နိုင်အောင် လောဘ၊ ဒေါသ၊ မောဟ၊ တဏှာတွေကင်းဝေးစေမယ့် တရားထူးတရားမြတ်ကို ရှာဖွေနိုင်ဖို့ ရဟန်းပြုမှသာ ဖြစ်ပေတော့မယ်”

စိတ်၌ဖြစ်ပေါ်လာရသည့် အတွေးအကြံကို တစ်ကိုယ်တည်း တီးတိုးရေရွတ်လျက် ယုဓဋ္ဌိယမင်းသားသည် ဥယျာဉ်တော်မှ အပြန်ခရီးတွင် ပေ့ါပါးလန်းဆန်းလျက်ရှိနေသည်။

ယုဓဋ္ဌိယမင်းသားသည် နန်းတော်သို့ပြန်ရောက်ပြီးသောအခါ ခမည်းတော်နှင့် မယ်တော်တို့အနားယူနေစဉ် ညချမ်းအချိန်တွင် သွားရောက်ဖူးမြော်ကာ ရဟန်းပြုခွင့်ပြုပါရန် လျှောက်ထားလေရာ ဖခမည်းတော်မင်းကြီးက မင်းသားအား အသေအချာစူးစမ်းကြည့်တော်မူလျက် ရှည်လျားစွာသော စကားတို့ကို မိန့်ကြားလိုက်လေသည်။

“သားတော်ကြီးရေ၊ ဒီလိုစကားမျိုးဟာ သားတော်ပြောရမယ့်စကားမဟုတ်ပေဘူး။ ထီးနန်းအရိုက်အရာကိုအခွင့်အရေးနည်းပါးတဲ့ မင်းရဲ့ညီတော်အငယ်လေးတွေက ပြောရမယ့်စကားဖြစ်တယ်။ သားကြီးဩရသဆိုတာ မိဘအရိပ်ကို ကာကွယ်စောင့်ရှောက်ရမှာဖြစ်တယ်။ မိမွေဖမွေကို ခံစားစောင့်သိရမှာလည်း ဖြစ်ပေတယ်။ ထီးမွေနန်းမွေဆိုတာ အဆင့်ဆင့်စီးဆင်းရတာမျိုးပဲရှိတယ်။ ကျော်ခွစီးဆင်းရတဲ့ ထုံးစံလည်းမရှိပေဘူး။ သားတော်ကြီးသာ စံစားရမယ့် အစဉ်အလာဖြစ်ပေတယ်”

ဖခမည်းတော်၏စကားအဆုံးမှာ ယုဓဋ္ဌိယမင်းသားသည် ခေတ္တမျှ ဆွံ့အသွားရတော့သည်။ ထိုအခါ မင်းကြီးက စကားဆက်ပြန်သည်။

“အိမ်ရှေ့စံမင်းသားဖြစ်နေတဲ့ သားကြီးမှာ ဘာများအခက်အခဲတွေ ရှိနေရပါသလဲ၊ ဘာများ အဆင်မပြေနိုင်တာ ရှိနေရပါသလဲ။ ဘာတွေကများ သားတော်ကြီးထီးနန်းစိုးစံဖို့ရာအတွက် အဟန့်အတားဖြစ်နေပါသလဲ”

“လူ့ဘဝရဲ့ ဆင်းရဲတဲ့ဘဝဖြတ်သန်းမှုတွေကြောင့်ပါ ဖခမည်းတော်”

“ဟေ– အိမ်ရှေ့စံမင်းသားရဲ့ဘဝကိုရရှိနေတဲ့ ဘဝမှာ ဘာများဆင်းရဲရတာပါလိမ့်။ အိမ်ရှေ့မင်းသားတစ်ပါးရဲ့ လောကီစည်းစိမ်ခံစားမှုတွေက အပြည့်အဝပဲ မဟုတ်ပါလော”

ယုဓဋ္ဌိယမင်းသား၏စကားကို ကြားလိုက်ရသည့် မင်းကြီးက အံ့အားတသင့်မေးရာသည်။ မယ်တော်ကြီးကလည်း အံ့ဩဘနန်းဖြစ်နေရတော့သည်။ ထိုအခြေအနေကို ရိပ်စားမိလိုက်သည့် သားတော်ကြီးအိမ်ရှေ့စံမင်းသားက ချက်ချင်းပင် ပြန်လည်လျှောက်ထားလိုက်သည်။

“တဒင်္ဂချမ်းသာစည်းစိမ်ကို သားတော်မမက်မောပါဘူး ဖခမည်းတော်နဲ့ မယ်တော်ခင်ဗျား။ ထာဝရချမ်းသာစစ်ကိုသာ လိုလားတောင့်တပါတယ်။ သားတော်ကို ရဟန်းပြုခွင့်သာပေးသနားတော်မူပါဘုရား”

ဖခမည်းတော်မင်းကြီးက ဖြည်းလေးစွာခေါင်းကို ခါရမ်းလိုက်လေသည်။ မင်းကြီးက ခွင့်မပြုသည်ကိုမင်းသားက နောက်တွန့်ခြင်းအလျှင်းမရှိဘဲ ထပ်ပြန်တလဲလဲသာခွင့်တောင်းလေတော့သည်။ ထိုတစ်ကြိမ်သာမက အခွင့်သာသည့်အချိန်တိုင်း ရဟန်းပြုခွင့်သာ အကြိမ်ကြိမ်တောင်းခံနေခြင်းဖြစ်ပေသည်။ ထို့အပြင် ညီတော်ဖြစ်သူ ယုဓိဋ္ဌလကလည်း ရဟန်းပြုခွင့်ပေးသနားတော်မူရန်တောင်းခံလာပြန်သည်။

“မတည်မမြဲဖြစ်ပြီး ဖောက်ပြန်ပြောင်းလဲတတ်သည့် လူ့လောက၊ လူ့ဘဝအထွေထွေကို မဖြတ်သန်းလို၊ မကျင်လည်လို၊ မနေလိုတော့ပါ။ ထာဝရချမ်းသာနှင့်ပြည့်စုံသော ရဟန်းဘဝကိုသာ အမြန်ဆုံးခိုလှုံခွင့်ပြုပါတော့ ဖခမည်းတော်နှင့် မယ်တော်ခင်ဗျား”

နောင်တော်နှင့် ညီတော်မင်းသားနှစ်ပါးက ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် အကြိမ်ကြိမ်ခွင့်တောင်းလာလေသည်ဖြစ်သဖြင့် မင်းကြီးနှင့် မိဖုရားကြီးတို့သည် အဖန်တလဲလဲစဉ်းစားကာ သားတော်နှစ်ပါး စိတ်ချမ်းသာမှုရရှိစေရန်အတွက် ဆုံးဖြတ်ချက်ချလိုက်ပြီး ရဟန်းပြုမှုကို ခွင့်ပြုပေးလိုက်လေသည်။

ညီနောင်နှစ်ပါးသည် ဖခမည်းတော် ရမ္မပြည့်ရှင် ဘုရင်သဗ္ဗဒတ္တမင်းကြီးထံမှ ခွင့်ပြုချက်ရသည်နှင့် ရသေ့ရဟန်းပြုလျက် ဥယျာဉ်တော်သို့ဝင်လေသည်။ အေးချမ်းဆိတ်ငြိမ်သည့် ဥယျာဉ်တော်တွင် သူတော်စင်တို့၏ ချမ်းသာကိုရရှိရေးကိုရည်မှန်းကာ ကျင့်ကြံအားထုတ်ကြိုးစားလေရာ မျှားမကြာမီ အချိန်မှာပင် ဈာန်အဘိညာဉ်ကို ရရှိပြီး ချမ်းသာသုခကိုခံစားရလေသည်။ လူ့ဝတ်ကြောင်တို့၏ ထီးနန်းစည်းစိမ်ချမ်းသာမှုထက် အဆပေါင်းများစွာသာလွန်သည့် ဈာန်ချမ်းသာသုခ၏ အတိုင်းအဆမရှိသော ထာဝရချမ်းသာစစ်ကို ရရှိခံစားလျက် ပိုကျင့်ကြံအားထုတ်ပွားများမှုတို့ဖြင့် သာသနာ့ဘောင်တွင် မွေ့ပျော်နေလေတော့သည်။ ။

# ယဉ်ကျေးလိမ္မာပဒေသာ ၃၈ – ဖြာမင်္ဂလာ




**ရတနာသုံးပါးဖူးမြော်ရမယ်**
**သမဏာနဉ္စဒဿနံ။**

“ရဟန္တာမထေရ် အရှင်သူမြတ်တို့ကို ဖူးမြော်ရခြင်း၊ ရဟန်းသံဃာတော်တို့အား ဖူးမြော်ခြင်း၊ ဘုရားအမှူးပြုသော ရတနာသုံးပါးကို ဖူးမြော်ရမယ်”လို့ မြန်မာလို အဓိပ္ပာယ်ရတယ်။

၃၈–ဖြာမင်္ဂလာကဗျာတွေရဲ့ အဋ္ဌမမြောက်ကဗျာဖြစ်တဲ့ “သည်းခံရေးမင်္ဂလာလေးပါး” ထဲက နံပါတ်သုံး မင်္ဂလာတရားပဲဖြစ်တယ်။ သားတို့ သမီးတို့၊ မောင်တို့မယ်တို့အတွက် ဘဝတစ်သက်တာ မှတ်သားကြရမယ့် မင်္ဂလာတရားတွေ ပေါ့ကွယ်။

ဟိုး. ရှေးရှေးတုန်းအခါက....

မြတ်စွာဘုရားရှင် လက်ထက်တော်အခါက ဖြစ်စဉ်သာဓကတွေပါပဲ။ “ဘုရားအမှူးပြုသော ရတနာသုံးပါးရှိနေပါပြီဘုရား၊ ကျွန်တော်မျိုးတို့ သတင်းဦးလျှောက်တင်ရကြောင်းပါအရှင်”

သာဝတ္ထိပြည်သား ကုန်သည်တို့က ကုက္ကုဋဝတီပြည့်ရှင် မဟာကပိန္နမင်းကြီးနှင့် အနောဇာမိဖုရားကြီးတို့ထံသို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် ရဟန်းသံဃာတော်များ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေပါကြောင်း သံတော်ဦးတင်လျှောက်ထားလိုက်ခြင်းဖြစ်တယ်။

“အလို– ဘုရားအမှူးပြုတဲ့ ရတနာသုံးပါး သီတင်းသုံးတော်မူနေတယ် ဆိုပါလား။ အသိတော်နောက်ကြလှလေတယ်။ ကဲကဲ– မှူးမတ်အပေါင်းတို့ မြတ်စွာဘုရားအရှင်သူမြတ်နဲ့ ရတနာသုံးပါး သီတင်းသုံးတော်မူရာ အရပ်သို့ အချိန်မဆိုင်းဘဲ သွားရောက်ဖူးမြော်တော်မူမယ်၊ အမြန်ဆုံးပြင်ဆင်ကြပေတော့ မောင်မင်းတို့”

“မှန်လှပါ အရှင်မင်းကြီး၊ ဘုန်းတော်ကြောင့် ရေကန်အသင့် ကြာအတင့်ပါဘုရား”

မြတ်စွာဘုရားအမှူးပြုသော ရတနာသုံးပါး သီတင်းသုံးနေတော်မူသည့် သတင်းစကားကြားကြားချင်းမှာပင် မဟာကပိန္နမင်းကြီးနှင့် အနောဇာမိဖုရားကြီးတို့မှာ ဘုရားရှင်ထံသို့ သွားရောက်ဖူးမြော်ရန် စိတ်အားထက်သန်နေတော့တာပေါ့ကွယ်။

“ကောင်းလေစွ၊ ကောင်းလေစွ၊ မင်္ဂလာသတင်းစကား သံတော်ဦးတင်လျှောက်ထားတဲ့ သာဝတ္ထိပြည်သား ကုန်သည်တွေကို ဆုလာဘ်များ ချီးမြှင့်ပေးသနားတော်မူမယ်၊ အမောင်လုလင်တို့ ဝမ်းမြောက်ကြကုန်လော့”

မဟာကပိန္နမင်းကြီးက ကုန်သည်တို့အား ဆုတော်လာဘ်တော်အဖြစ် အသပြာခြောက်သိန်း ချီးမြှင့်တော်မူလေပြီး မင်းကြီးနှင့် မိဖုရားကြီးတို့က အမတ်တစ်ထောင်၊ အမတ်ကတော် တစ်ထောင်တို့နှင့်အတူ မြတ်စွာဘုရားနှင့် သံဃာတော်များကို ဖူးမြော်ရန် မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်သို့ ကြွချီလာလေတော့တယ်။

“အလို၊ လမ်းခရီးမှာ မြစ်ကြီးတစ်စင်း ကာဆီးနေပါကလား မောင်မင်းတို့”

“မှန်လှပါ အရှင်မင်းကြီး၊ ဖောင်တော်စီစဉ်ပြီးသကာလ တစ်ဖက်ကမ်းသို့ ကူးတော်မူလို့ရပါ့မယ်ဘုရား”

“အေးကွယ်၊ ဖောင်တော်တည်နေစဉ်မှာတော့ မြတ်စွာဘုရားရှင်ကို အာရုံပြုပြီး ဘုရားဂုဏ်တော်ကိုးပါးကို ငါကိုယ်တော်မြတ်ကိုယ်တိုင် ရွတ်ဆိုပွားများတော်မူမယ်။ အားလုံးသော ပရိသတ်အပေါင်းလည်း ရွတ်ဆိုပွားများကြစေကုန်”

ပထမမြစ်တစ်စင်းရဲ့ မြစ်ကမ်းနဖူးတွင် ဘုရားဂုဏ်တော်ကိုးပါး ရွတ်ဆိုပွားများသံများဖြင့် ဝေစည်သွားရာ ခဏအကြာတွင် တသွင်သွင်စီးဆင်းနေတဲ့ မြစ်ရေပြင်ဟာ မြေမျက်နှာပြင်ပမာတည်ရှိသွားတဲ့အခါ ရေကင်းကျ တာဝန်မှူးက မှူးကြီးမတ်ရာတို့ကို တအံ့တဩ သတင်းပို့လေရာ မှူးမတ်တို့ကမင်းကြီးထံသို့ သံတော်ဦးတင် လျှောက်လိုက်လေတယ်။

“မှန်လှပါ အရှင်မင်းကြီးဘုရား၊ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ရေပြင်သည် မြေတလင်းအဖြစ်သို့ ပြောင်းတော်မူလာတဲ့အတွက် ဖောင်တော်မလိုတော့ကြောင်းပါဘုရား။ ရှေ့ခရီးသို့ သာယာစွာကြွချီတော်မူရန် အသင့်အနေအထားရှိကြောင်းပါဘုရား”

“သာဓုကွယ် သာဓု သာဓု၊ ဘုရားကို အာရုံပြုပြီးတော့ လိုရာခရီး ဆက်ကြဦးစို့ရဲ့”

မဟာကပိန္နမင်းကြီးနှင့် အနော်ဇာမိဖုရားကြီးအပါအဝင် မှူးကြီးမတ်ရာအပေါင်းတို့မှာ ဘုရားရှင်ကို အာရုံပြုလျက် သာဝတ္ထိပြည်သို့ ခရီးဆက်လက်ထွက်ခွာကြရာ လမ်းခရီးတစ်နေရာအရောက် မြစ်ကြီးတစ်စင်း ကာဆီးနေပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ မင်းကြီးကဖောင်တော်တည်ဆောက်ဖို့မမိန့်ကြားတော့ဘဲ တရားဂုဏ်တော်ခြောက်ပါးကို ရွတ်ဆိုပွားများကြဖို့သာ မိန့်မှာလေတော့တယ်။

မင်းနှင့် ပရိသတ်အပေါင်းလည်း မြတ်စွာဘုရားကိုအာရုံပြုလျက် တရားဂုဏ်တော်ခြောက်ပါးကို ရွတ်ဆိုပွားများကြရာ ထိုမြစ်ရေပြင်ဟာလည်း မြေမျက်နှာပြင်လိုဖြစ်တည်လာတော့တယ်။ မင်းကြီးနှင့် အပေါင်းအပါတို့လည်း ရှေ့သို့ ခရီးဆက်ပြန်တာပေါ့ကွယ်။ ရှေ့လမ်းခရီးမှာလည်း နောက်ထပ်မြစ်ကြီးတစ်စင်း ကာဆီးနေပြန်ရာ သံဃာ့ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုပွားများကြဖို့ မင်းကြီးက မိန့်ကြားပြန်တာပေါ့ကွယ်။

သံဃာ့ဂုဏ်တော်ကိုးပါးကို ရွတ်ဆိုပွားများနေစဉ်မှာပဲ တသွင်သွင်စီးဆင်းနေတဲ့ မြစ်ရေပြင်ဟာ မြေမျက်နှာပြင်လိုဖြစ်တည်လာပြန်ရာ မင်းကြီးနှင့် အပေါင်းအပါတို့ဟာ မြတ်စွာဘုရားရှင်ကို အာရုံပြုလျက် လိုရာခရီးကို အခက်အခဲမရှိ ဆက်ပြန်တာပေါ့။

ဒီလိုနဲ့ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံးတော်မူသော မြတ်စွာဘုရားရှင်ထံ ရောက်ရှိကာ ဆည်းကပ်ဖူးမြော်ကြပြီး တရားနာကြားကြလေသော် မင်းကြီးနှင့်တကွ အပေါင်းအပါအားလုံး ရဟန္တာချည်းဖြစ်ကုန်ကြလေတယ်။ တစ်ဆက်တည်းမှာပဲ နိဗ္ဗာန်ချမ်းသာစစ်ကို ခံစားစံစားကြရလေတော့သတဲ့ကွယ်။

သမဏာနဉ္စဒဿနံ။

“ရဟန္တာမထေရ် အရှင်သူမြတ်တို့ကို ဖူးမြော်ရခြင်း၊ ရဟန်းသံဃာတော်တို့အား ဖူးမြော်ခြင်း၊ ဘုရားအမှူးပြုသော ရတနာသုံးပါးကိုဖူးမြော်ရမယ်”လို့ မြန်မာလို အဓိပ္ပာယ်ဖော်ဆောင်တဲ့ မှတ်သားစရာ ဓမ္မပဒပုံဝတ္ထုတစ်ခုပါပဲ။

သားတို့သမီးတို့၊ မောင်တို့မယ်တို့အတွက်သာမက လူတိုင်းလူတိုင်း အသိကြွယ်ကာ ကျင့်ဆောင်ကြရမယ့် “သည်းခံရေးမင်္ဂလာ” နည်းနာတွေ ပေါ့ကွယ်။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(၆)ခု (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တို့မှ ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအား ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်များသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်သည်-

၂။ **လိုအပ်သောအရည်အချင်းများ -**

(က) ဝင်ခွင့်လျှောက်ထားချိန်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်(နိုင်)/(ပြု)/(ဧည့်)ကိုင်ဆောင်ထားသူဖြစ်ရမည်။ [ဝင်ခွင့်လျှောက်ထားချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား(နိုင်)/(ပြု)/(ဧည့်) ရရှိ တင်ပြနိုင်သူဖြစ်ရမည်]

(ခ) နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့်လူမှုရေး ခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ (နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ)တွင် အမြဲနေထိုင်သူဖြစ်ရမည်။

(ဂ) အခြေခံပညာသင်တန်း(၈-တန်း၊ ၉-တန်း၊ ၁၀-တန်း) များကို ၎င်းဒေသများတွင် ဆက်တိုက်ပညာသင်ကြားခဲ့ပြီး ၎င်းဒေသများမှပင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
**မှတ်ချက်။ အပိုဒ်(ခ)ပါဒေသများတွင် နေထိုင်သော်လည်း အခြေခံပညာအထက်တန်းကျောင်းမရှိခြင်း၊ စာစစ်ဌာနမရှိခြင်း၊ အခြေခံပညာအထက်တန်းကျောင်းရှိသော်လည်း သိပ္ပံဘာသာတွဲ သင်ကြားနိုင်မှုမရှိခြင်းတို့ကြောင့် အနီးစပ်ဆုံးမြို့နယ်ရှိ အထက်တန်းကျောင်းများမှအောင်မြင်သော ကျောင်းသားများအား (၈-တန်း၊ ၉-တန်း၊ ၁၀-တန်း)ကို ခက်ခဲဒေသတွင်(၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းမရှိသော်လည်း ခြွင်းချက်ဖြင့် စဉ်းစားမည်။**

(ဃ) ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့် အောင်မြင်သူဖြစ်ရမည်။

(င) ၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ)ဖြင့်အောင်မြင်သူဖြစ်ရမည်ဖြစ်ပြီး (၆)ဘာသာ စုစုပေါင်းရမှတ်(၄၂၀)နှင့်အထက်ရရှိသူဖြစ်ရမည်။ အဆိုပါ (၆)ဘာသာ စုစုပေါင်းရမှတ်(၄၂၀)နှင့်အထက်ရရှိသူများအနက် အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ (၃) ဘာသာ စုစုပေါင်းရမှတ်(အများ/အနည်း) ပေါ်မူတည်၍ ပဏာမရွေးချယ်ပြီး လူတွေ့နှုတ်မေးစာမေးပွဲသို့ ဝင်ရောက် ဖြေဆိုခွင့်ပြုမည်။

(စ) လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများစာရင်း၊ ခုံအမှတ်နှင့် ဖြေဆိုရမည့်နေ့ရက်ကို ကျန်းမာရေးဝန်ကြီးဌာန Facebook Page နှင့် Website **www.moh.gov.mm** နှင့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန Website **www.hrh.gov.mm** တို့တွင် ကြေညာမည်။

(ဆ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)နေပြည်တော်တွင် ကျင်းပမည့် လူတွေ့နှုတ်မေးစာမေးပွဲသို့ မပျက်မကွက် **(မပျက်မကွက်)** လာရောက်ဖြေဆိုရမည်ဖြစ်ပြီး အချိန်မီ ဝင်ရောက်ဖြေဆိုခြင်းမရှိသူများအား (၃)ဘာသာစုစုပေါင်းရမှတ် မည်မျှပင်ရရှိစေကာမူ လုံးဝ**(လုံးဝ)** လက်ခံ စဉ်းစားပေးမည်မဟုတ်ပါ။

(ဇ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏(၃)ဘာသာစုစုပေါင်းရမှတ်နှင့်လူတွေ့နှုတ်မေးစာမေးပွဲ ဖြေဆိုမှုရလဒ်ပေါင်းအပေါ်မူတည်၍ အပြီးသတ်ရွေးချယ်ပြီး ဆေးတက္ကသိုလ်တက်ရောက်ခွင့်ပြုမည်။

(ဈ) လူတွေ့နှုတ်မေးစာမေးပွဲဖြေဆိုခွင့် မရရှိသူများ၊ ရွေးချယ်ခြင်းမခံရသူများအား သီးခြားအကြောင်းကြားပေးမည် မဟုတ်ပါ။

(ည) ဆေးတက္ကသိုလ်ဝင်ခွင့်ပြုပါရန် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။

(ဋ) ဘွဲ့ရရှိပြီးသည့်အချိန်မှမိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုရမည်။

၃။ လျှောက်လွှာနှင့်အတူအောက်ပါအချက်များကို ပူးတွဲတင်ပြရမည်-

(က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်ရမှတ်စာရင်း(မူရင်း) (၁) စောင်

(ခ) ၎င်းဒေသရှိကျောင်း၌ (၃)နှစ်ဆက်တိုက် တက်ရောက်ခဲ့သူဖြစ်ကြောင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲအား ၎င်းဒေသရှိ စာစစ်ဌာနမှအောင်မြင်သူဖြစ်ကြောင်း သက်ဆိုင်ရာအခြေခံပညာ အထက်တန်းကျောင်း၊ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်နှင့် မြို့နယ်ပညာရေးမှူးတို့၏ထောက်ခံချက်။

(ဂ) အိမ်ထောင်စုစာရင်းဇယားမိတ္တူနှင့် ၎င်းဒေသတွင် (၃)နှစ်ဆက်တိုက်နေထိုင်သူဖြစ်ကြောင်း သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၏ ထောက်ခံချက်။

(ဃ) လျှောက်ထားသူနှင့်မိဘ(၂)ပါးစလုံးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ

(င) (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်အရွယ်ရောင်စုံဓာတ်ပုံ (၂)ပုံ

(စ) ဘွဲ့ရရှိပြီးသည့်အချိန်မှမိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး (၅)နှစ် မပျက်မကွက် **(မပျက်မကွက်)** တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်။

**မှတ်ချက်။ အထူးအခွင့်အရေးအဖြစ် ဆေးတက္ကသိုလ်သို့ တက်ရောက်ခွင့်ပြုခြင်းဖြစ်သည့်အတွက် တက်ရောက်ခွင့်ရရှိပြီး တက္ကသိုလ်သို့ သင်တန်းလာအပ်ပါက ဘွဲ့ရရှိပြီးသည့်အချိန်မှ မိမိဒေသတွင် နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ်၊ ဘွဲ့လွန်သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် မပျက်မကွက် တာဝန်ထမ်းဆောင်ပါမည်ဟု သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များ၏ ဥက္ကဋ္ဌ (သို့မဟုတ်) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်ရှေ့မှောက်တွင် လက်မှတ်ရေးထိုးထားသည့် ကတိပြု ဝန်ခံချက်တင်ပြရမည်။**

၄။ အောက်ဖော်ပြပါ လျှောက်လွှာနမူနာပုံစံအတိုင်း A-4 size ဖြင့် ကွန်ပျူတာရိုက်၍ မိမိအစီအစဉ်ဖြင့် လျှောက်ထားရန် ဖြစ်ပါသည်-

၅။ လျှောက်လွှာများကို **(၂၅-၁၁-၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍** ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်ဖြစ်သည်။

၆။ **လျှောက်လွှာပိတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများနှင့် မပြည့်စုံသော လျှောက်လွှာများအား လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။**

၇။ ဆေးတက္ကသိုလ်သို့ ဝင်ခွင့်ရရှိသူများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ တက်ရောက်ခွင့်ပြုသည့်ဝင်ခွင့်ရတက္ကသိုလ်တွင်သာ သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ရမည်ဖြစ်သည်။ **[တက္ကသိုလ်ပြောင်းရွှေ့ ပညာသင်ကြားခွင့်အား လုံးဝ(လုံးဝ) ခွင့်ပြုမည်မဟုတ်ပါ]**

၈။ အသေးစိတ်သိလိုပါက ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်၊ ဖုန်း - ၀၆၇-၃၄၁၁၂၃၉ နှင့် ၀၆၇-၃၄၁၁၁၄၈၊ ၃၄၁၁၁၄၉၊ လိုင်းခွဲ(၈၁၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လျှောက်လွှာနမူနာပုံစံ

**ကျန်းမာရေးဝန်ကြီးဌာန**
**ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန**
**ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ**
**(၂၀၂၂-ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)**

ဓာတ်ပုံ

၁။ အမည် (မြန်မာ) ---------------------------------- ကျား ☐ မ ☐
(အင်္ဂလိပ်) ----------------------------------

၂။ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ---------------------------------------------

၃။ မွေးသက္ကရာဇ်(ခုနှစ်၊ လ၊ ရက်) ---------------------------------------------

၄။ လူမျိုး --------------------------------- ကိုးကွယ်သည့်ဘာသာ ------------------

၅။ ဖခင်အမည် ------------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------
အလုပ်အကိုင်---------------------------------------------------------

၆။ မိခင်အမည် ------------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------
အလုပ်အကိုင်---------------------------------------------------------

၇။ အဋ္ဌမတန်းစာမေးပွဲအောင်မြင်ခဲ့သည့်ကျောင်း---------------------------------မြို့နယ်
------------------မြို့ ----------------------------------ပြည်နယ်/တိုင်းဒေသကြီး

၈။ နဝမတန်းစာမေးပွဲအောင်မြင်ခဲ့သည့်ကျောင်း ---------------------------------မြို့နယ်
------------------မြို့----------------------------------ပြည်နယ်/တိုင်းဒေသကြီး

၉။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့်ခုနှစ်------------------ခုံအမှတ်------------------
(၆)ဘာသာစုစုပေါင်းရမှတ်-----------၊ (၃) ဘာသာစုစုပေါင်းရမှတ်(အင်္ဂလိပ်၊ ဓာတု၊ ဇီဝ)------
အောင်မြင်သည့်စာစစ်ဌာန---------------------------------------------မြို့နယ်
------------------မြို့၊ ----------------------------------ပြည်နယ်/တိုင်းဒေသကြီး

၁၀။ တက္ကသိုလ်ဝင်တန်းတက်ရောက်ခဲ့သည့် ကျောင်းနှင့်မြို့နယ်------------------------------

၁၁။ အမြဲနေထိုင်သောလိပ်စာ ---------------------------------------------
---------------------------------------------------------------

၁၂။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ် ------------------------------
---------------------------------------------------------------

၁၃။ ဝန်ခံချက်
အထက်ဖော်ပြပါအချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ----------------------

------------------------
ဝင်ခွင့်လျှောက်ထားသူလက်မှတ်

အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း တာဝန်ယူလက်မှတ်ရေးထိုးပါသည်။
ရက်စွဲ။ ----------------------

------------------------
မိဘ/အုပ်ထိန်းသူလက်မှတ်

# ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

**(၄၄)ကြိမ်မြောက် ကျပ် ၁၀၀၀ တန် ထီပေါက်စဉ် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၁) ရက်နေ့** *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဇ - ၄၉၇၂၃၀

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဃ - ၃၇၄၄၂၁

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ည -၅၇၅၃၉၁ က -၉၆၁၄၇၆

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀၀) ဆု (၁)ဆု

က - ၃၀၂၇၈၄

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဂ -၃၄၇၀၇၂ ခ -၉၆၈၈၄၂

ဂ - ၃၅၂၅၂၁

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဂ - ၃၅၇၂၅၇ ဆ - ၈၆၉၀၇၂

ဃ - ၇၉၈၀၂၁ စ - ၉၁၈၈၉၆

ည - ၈၁၈၄၀၃ စ - ၉၃၄၄၅၂

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဈ - ၁၂၃၇၀၁ ည - ၇၄၉၉၁၃
စ - ၃၀၂၈၅၂ ဈ - ၈၉၉၄၄၄
ဂ - ၃၀၉၈၇၅ ဃ - ၉၁၅၂၁၅
က - ၃၅၉၄၂၂ င - ၉၈၆၃၆၇
ဇ - ၆၁၅၇၄၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၅၀) ဆု (၁)ဆု

က - ၁၈၃၃၇၇

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဈ - ၁၄၀၇၂၀ ဆ - ၄၀၈၈၆၉
ဇ - ၂၇၆၄၂၂ ဇ - ၅၄၅၆၇၃
ဇ - ၂၇၆၉၅၇ ဈ - ၇၁၈၇၁၂
င - ၂၉၆၆၇၅ စ - ၇၉၁၆၃၉
စ - ၃၁၇၂၆၉ ည - ၉၃၃၃၂၅
စ - ၃၈၁၆၈၁ က - ၉၄၈၈၃၁

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်းရငွေများအပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ် ပေးသည့် ကျပ်သိန်း (၂၀) ဆု (၁)ဆု

ဈ - ၁၂၅၃၁၈

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဇ - ၁၁၇၉၂၀ ဇ - ၅၁၈၆၂၆

ဆ - ၁၂၇၉၆၁ င - ၅၇၁၄၆၉

ခ - ၂၃၆၈၁၈ ခ - ၈၆၄၁၅၃

ဈ - ၂၈၂၉၃၉ ဇ - ၉၆၆၁၁၆

င - ၃၉၅၄၀၅ ဂ - ၉၉၇၃၃၉

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

ည - ၂၀၇၇၁
ဃ - ၂၅၄၁၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

င - ၁၁၃၃
ခ - ၈၄၈၈

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၁)ယူနစ်

ဇ - ၁၀၂
င - ၄၁၄

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၁)သိန်းဆုများ (၉)ယူနစ်

ဇ - ၄၅၉ က - ၅၉၀ ဂ - ၇၃၉
စ - ၅၂၄ ခ - ၆၄၆ ည - ၈၀၁
ခ - ၅၃၇ ဂ - ၆၆၃ ဇ - ၈၉၂

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၃)ယူနစ်

ဂ - ၈၂

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်း တန်ဖိုး (ဘဏ္ဍာသိမ်း ရငွေများအပါအဝင်) အား ပြန်လည်အစားထိုး ဖွင့်လှစ်ပေးသည့် ကျပ်(၅)သောင်းဆုများ (၂)ယူနစ်

က - ၁၂ ဃ - ၁၄

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆုများ(၁)ယူနစ်

င - ၄

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံးအစဉ်လိုက်တူ - ကျပ်(၁)သောင်း

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

စ - ၃၅၆၃၉၀ ဇ - ၆၂၃၁၆၇ ဆ - ၇၉၁၂၀၈

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ (၄)ယူနစ်

ခ - ၁၇၇၁၄ ခ - ၇၅၂၂၆

ည - ၅၈၅၇၁ စ - ၇၇၆၃၉

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ (၄)ယူနစ်

ည - ၁၅၈၅ ည - ၆၇၃၈

ခ - ၃၈၄၅ ည - ၇၇၈၈

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

၁။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆု ဖွင့်ပွဲတွင် (၄၄)ကြိမ်မြောက် ကျပ် (၁၀၀၀)တန်အတွက် ဆုမဲ (၆၅၆၀၉)ဆု ဖွင့်လှစ်ပေး ခဲ့ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၄၅)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၄၄)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများ အား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၂-၁၁-၂၀၂၂ )ရက်နေ့မှ စတင်၍ ဆောင်ရွက်ပေးမည် ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေ ထုတ်ပေးခြင်းကို ( ၁၁-၁၁-၂၀၂၂ ) ရက်နေ့မှစ၍ လက်ခံ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာ ဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လ အတွင်းရိုက်ကူးထားသည့် လိုင်စင် ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၂–၁၂–၂၀၂၂ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ် ၆ လထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈–၁၀–၂၀၂၂ ရက်နေ့မှ ၃၀–၁၁–၂၀၂၂ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်–

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာနှင့် သတ်မှတ်စရိတ်များခံစားခွင့်ရှိမည်–

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူက သူတို့ကိုကိုယ်စားပြုတဲ့သူတွေကို ကိုယ်တိုင်ရွေးချယ်တဲ့အုပ်ချုပ်ရေးစနစ်ပဲဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ဆိုတာ မတူကွဲပြားနေတဲ့တိုင်းဒေသကြီး/ပြည်နယ်တွေမှာ လူမျိုးတွေ၊ လူမျိုးစုတွေကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်တွေကို ခွဲဝေကျင့်သုံးတဲ့ အယူအဆ သဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်လို့ဆိုရာမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူတို့က ရွေးချယ်တဲ့ အုပ်ချုပ်ရေးစနစ်မှာ ပြည်ထောင်စုတစ်ဝှမ်းလုံးရှိ တိုင်းရင်းသားပြည်သူတွေ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်တွေအလိုက် အခြေခံဥပဒေအရ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တွေ ရရှိစေမှာဖြစ်ပါတယ်။ ဒါမှလည်း စစ်မှန်၍စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁ နှစ်နှင့် ၆ လ(၁၈လ)ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်) ၁-၈-၂၀၂၂



## ငါန်းဇွန်မြို့၌ ပြည်သူတစ်ဦးလျှင် ဆန်တစ်ပြည် ကျပ် ၁၀၀၀ ဖြင့် ရောင်းချပေး

ငါန်းဇွန် နိုဝင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့မဈေးအနီး ပုညပါရမီဆွမ်းလောင်းအသင်းရှေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှု၊ အလှူရှင်များ ပူးပေါင်းကူညီမှုဖြင့် ယနေ့နံနက် ၈ နာရီမှစ၍ မြို့ပေါ်ရပ်ကွက်များမှ ပြည်သူများအား သက်သာသောနှုန်းထားဖြင့် တစ်ဦးလျှင် ဆန်တစ်ပြည်နှုန်း ရောင်းချပေးခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ☆

**ယနေ့ ဖတ်စရာ**

**ပြည်သူ ဗဟုသုတရှိရင် ရှိသလောက် သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို သူတို့ဘာသာ အမှား၊ အမှန် ဝေခွဲလာနိုင်မှာဖြစ်တယ်လို့ပဲ ခံယူပါတယ်။ ဒီတော့ ပြည်သူတွေကို ဗဟုသုတရစေမယ့်စာအုပ်တွေ များများရရှိပါစေဆိုတဲ့ စေတနာနဲ့ စာအုပ်တွေရေးဖြစ်ခဲ့တာပါ**
စာမျက်နှာ » ၁၀

**တရားမဝင်သစ်မျိုးစုံ၊ တိရစ္ဆာန်အစာ၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ကျောက်စိမ်းအချောထည်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ**
စာမျက်နှာ » ၁၄

MNL-2 ပြိုင်ပွဲ ချန်ပီယံဆုအတွက်
**နောက်ဆုံးပွဲအထိ အဆုံးအဖြတ်ခံယူရမည်**
စာမျက်နှာ » ၂၁

## အမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ နိုဝင်ဘာ ၃ ရက်တွင် စတင်မည်

ရန်ကုန် နိုဝင်ဘာ ၁

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များကို နိုဝင်ဘာ ၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ပထမအကျော့ပွဲစဉ်များကို အောက်တိုဘာ ၃ ရက်မှ ၂၉ ရက်အထိ ကျင်းပပြီးနောက် ရက်ပိုင်းသာနားကာ ဒုတိယအကျော့ပွဲစဉ်များ ဆက်လက်ကျင်းပခြင်းဖြစ်သည်။ ဒုတိယအကျော့ပွဲစဉ်များကို နိုဝင်ဘာ ၃ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးပွဲစဉ်များကို တစ်ရက်တည်းကစားစေမည်ဖြစ်သည်။ ပထမအကျော့အပြီးတွင် လက်ရှိချန်ပီယံ အား/ကာသိပ္ပံအသင်းက ရမှတ် ၁၆ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေကာ သစ္စာအားမာန်အသင်းက ၁၅ မှတ်၊ မြဝတီအသင်းက ၁၃ မှတ်၊ အား/ကာဦးစီးဌာနအသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ခြောက်မှတ်၊ YREO အသင်းက သုံးမှတ်ရထားပြီး တနင်္သာရီအသင်းက ခြောက်ပွဲစလုံး အရေးနိမ့်ကာ အမှတ်မရသေးပေ။ ပထမအကျော့အပြီး ရမှတ်ရရှိမှုနှင့် အသင်းများ၏ ခြေစွမ်းအရ ချန်ပီယံဆုအတွက် စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ✪

## ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာ ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်မည်


ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာ

ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ဒူးဒဏ်ရာခွဲစိတ်ကုသရန် အချိန်များစွာ လိုအပ်မှာဖြစ်တဲ့အတွက် ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမယ့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်းနဲ့အတူ ပါဝင်ကစားနိုင်မှာ မဟုတ်ဘဲ လွဲချော်မှာဖြစ်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားပေါ့ဘာဟာ နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြန်လည်ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ဒူးဒဏ်ရာကြောင့် ယခုနှစ် ဘောလုံးရာသီမှာ စာမျက်နှာ ၂၁ ကော်လံ ၁ သို့ ■